မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၉၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရက အခမဲ့ တည်ဆောက်ပေးခဲ့သည့် မော်လမြိုင်ကျွန်းမြို့နယ်မှ အိမ်ရာအလုံး၃၀

ကျေးရွာလူထုထံ လွှဲပြောင်းပေးအပ်

ရန်ကုန် ဧပြီ ၂၀

မိုးရာသီမတိုင်မီ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားရေးနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိစဉ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဂျပန်နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုမှသည်....။ (စာ-၅)

ကမ္ဘာ့အလှဆုံး အမျိုးသမီး အဖြစ် ဂျန်နီဖာလိုပက်ဇ်အား ပီးပဲလ်မဂ္ဂဇင်းက ဖော်ပြ။ (စာ-၁၁)



ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို လံဘီယာနိုင်ငံ မြို့ကြီးရှစ်မြို့၌ ကျင်းပမည်။ (စာ-၁၂)

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၄-၂၀၁၁

ချောက်မြို့
၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့
၄၁ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့
၄၁ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့
၄၀ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ကျောက်ဆည်မြို့
၄၀ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်
ပခုက္ကူမြို့
၄၀ ဒီဂရီစင်တီဂရိတ်

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းတွင် တံတားသံပေါင်ကြီးများ စတင်တပ်ဆင်နေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ဧရာဝတီတံတား(ပခုက္ကူ)ကို အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိ

ပင်မနှင့်ချဉ်းကပ်တံတားများပြီးစီးပြီဖြစ်၍ သံပေါင်တင်လုပ်ငန်းဆောင်ရွက်နေ (၂)

နေပြည်တော် ဧပြီ ၂၀

ကျွန်တော်သည် မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးတစ်စင်းဖြစ်သည့် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင် ပခုက္ကူဘက်ကမ်းတွင် ချဉ်းကပ်တံတား(ကားလမ်း)နှင့် ချဉ်းကပ်တံတား(ရထားလမ်း)ကို ကွန်ကရစ် ရက်မကြီးများတင်နေမှု၊ ပင်မတံတားရေလယ်တိုင်များတွင် သံပေါင်တင်ရန် *စာမျက်နှာ ၉ ကော်လံ ၁* ●

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၂၁ ရက်)

သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများနှင့် ပြည့်စုံသည့်နိုင်ငံဖြစ်ပြီး ရေမြေတောတောင် သဘာဝအလှများကိုလည်း ပိုင်ဆိုင်သောနိုင်ငံဖြစ်သည်။

မြန်မာ့သဘာဝအလှကို ကြည့်ရှုခံစားလိုသည့် ကမ္ဘာလှည့်ခရီးသွားများသည် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာရှေးဟောင်းအမွေအနှစ်များကိုလည်း နှစ်ခြိုက်ကြပေသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေသည် နိုင်ငံတကာခရီးသွားလောကတွင် ထူးခြားမှုတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

သင်္ဘောအမှုထမ်း ၁၇၇ ဦးနှင့် ကမ္ဘာလှည့်ခရီးသည် ၂၉၂ ဦးပါရှိသည့် MS Columbus ကမ္ဘာလှည့်အပျော်စီးသင်္ဘောသည် ဧပြီ ၆ ရက်နေ့က ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ရန်ကုန်မြို့တွင်း၊ သန်လျင်နှင့် ပဲခူးမြို့များသို့ လည်ပတ်ခဲ့သည်။ ဧပြီ ၇ ရက်နေ့ကလည်း အမေရိကန်နိုင်ငံအခြေစိုက် Oceania Cruises မှ ကမ္ဘာလှည့်ခရီးသည် ၆၃၁ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၉၈ ဦးပါရှိသည့် အပျော်စီးသင်္ဘောကြီး M.V Nautica သည် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ဒုတိယအကြိမ်အဖြစ် ရောက်ရှိလာခဲ့သည်။ ရန်ကုန်မြို့တွင်း၊ ပဲခူး၊ ပုဂံ-ညောင်ဦးနှင့် မန္တလေးမြို့များသို့ သွားရောက်လေ့လာခဲ့ကြသည်။

ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများ တိုးတက်ရောက်ရှိလာခြင်းသည် မြန်မာ့သဘာဝအလှအပများ၏ ဆွဲဆောင်မှု၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု၊ မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်မှု၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှုများက ဖော်ညွှန်းပြဆိုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝရတနာသိုက် သစ်တောကြီးများ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည်။ ဇီဝမျိုးစုံ၊ မျိုးကွဲကို ထိန်းသိမ်းကာကွယ်ထားသော သဘာဝတောများသည် ယနေ့တိုင် တည်ရှိလျက်ရှိသည်။ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းစိတ်ဝင်စားသည့် အပန်းဖြေစခန်းများလည်း များစွာတည်ရှိလျက်ရှိသည်။

သို့ဖြစ်ပေရာ ကမ္ဘာလှည့်ခရီးသွားများ တိုးမြှင့်ရောက်ရှိလာခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပဒေရုံးများသည် စည်းကမ်းရှိ၊ စနစ်ကျ၊ ရိုးသားပြီး စေတနာရှေးရှုသောအဖွဲ့အစည်းအဖြစ် ပါဝင်

ဥပဒေရေးရာတွင် ကျွမ်းကျင်ထက်မြက်နေရန် စဉ်ဆက်မပြတ်လေ့လာ

နေပြည်တော် ဧပြီ ၂၀

ယခုအခါ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သစ်ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ခွန်းပါအတိုင်း သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ပေါ်ထွန်းလာရာတွင် ဥပဒေရုံးများသည် စည်းကမ်းရှိသော၊ စနစ်ကျသော၊ ရိုးသားသော၊ စေတနာရှေးရှုသော အဖွဲ့အစည်းအဖြစ် ပါဝင်ကြရန် ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဧပြီ ၁၉ ရက်တွင် ရှမ်းပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ တောင်ကြီးခရိုင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ဥပဒေအရာရှိများအား တွေ့ဆုံကာ ဥပဒေရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

စဉ်ဆက်မပြတ်

ဥပဒေရေးရာတွင် ကျွမ်းကျင်ထက်မြက်နေရန် စဉ်ဆက်မပြတ်လေ့လာနေကြစေလိုကြောင်း၊ ထို့အပြင် ရပိုင်ခွင့်ထက် တာဝန်ကိုဦးစားပေး တတ်ရန်လိုကြောင်း၊ သို့မှသာ ဥပဒေရုံးများသည် ပြည်သူက ယုံကြည်အားထားရသည့် အဖွဲ့အစည်း ဖြစ်လာကာ နိုင်ငံတော်သစ်က ရှေးရှုဦးတည်လျက်ရှိသည့် လမ်းကြောင်းတွင် ခွန်အားပြည့်ဝစွာ ပါဝင်နိုင်မည် ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ်က ဆက်လက်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုရှေ့နေချုပ်သည် ဧပြီ ၁၇ ရက်တွင် ကလောမြို့နယ် ဥပဒေရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် ပင်းတယမြို့နယ် ဥပဒေရုံးကို သွားရောက် ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ရှမ်းပြည်နယ် ဥပဒေချုပ် ဦးမောင်မောင် လိုက်ပါလျက် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား သွားရောက်တွေ့ဆုံခဲ့သည်။ ဧပြီ ၁၉ ရက်တွင် ရှမ်းပြည်နယ် ဥပဒေချုပ်ရုံးနှင့် ဟိုပုန်းမြို့နယ် ဥပဒေရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဧပြီ ၂၀ ရက်တွင် တောင်ကြီးမြို့မှ ပြန်လည်ထွက်ခွာကာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဥပဒေရုံးနှင့် ရမည်းသင်းခရိုင် ဥပဒေရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တောင်ကြီးခရိုင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ဥပဒေအရာရှိများအား ဥပဒေရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၈း၀၀ ၆။ **ဒေသထွက်ကုန်အဖုံဖုံ မန္တလေးက မုန့်မျိုးစုံ**
- ၈း၁၀ ၇။ အကပဒေသာ
- ၈း၂၀ ၈။ **လက်ဆေးပြီးပြီလား**
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၂၀ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ တေးဂီတအစီအစဉ်
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ သက်တံရောင်သံစဉ်
- ၅း၁၅ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၃၀ ၉။ **အကျွန်ုပ်တို့ ပြောသောစကား**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပုလဲမြို့နယ်အတွင်းမှ ရွှေအိုရောင်မြင်ကွင်း**
- ၆း၃၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၅)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၂၃)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၉)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၂)
- ၂၁။ အစီအစဉ်ပြီး၏။

✽ *ကျော့ဖုံးမှ*

တာချီလိတ်ခရိုင် တာလေမြို့ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ ကျင်းပရာ အစည်းအဝေးတွင် ပြည်နယ်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတူးမောင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တည်ဆောက်ရေးလုပ်ငန်းများအား မိုးမကျမီပြီးစီးရေး ကြိုးပမ်းကြရန်၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရန်၊ ငလျင်ဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး ဆိုင်ရာများအား တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (ဝဓဝ)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ မီးသတ်ဦးစီးဌာန။

တာချီလိတ်၌ သက်ကြီးပူဇော်၊ ငါးလွှတ်ပွဲကျင်းပ

တာချီလိတ် ဧပြီ ၂၀

တာချီလိတ်ခရိုင် ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီက တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ရွှေဝါနဒီပန်းခြံအနီး မယ်ခေါင်ချောင်း၌ကျင်းပသည်။

ဆက်လက်၍ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပွဲနှင့် သက်ကြီး အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို မြို့နယ်ဓမ္မာရုံ၌ကျင်းပရာ **(အပေါ်ပုံ)** သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားကြပြီးနောက် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ကျန်းမာရေးစစ်ဆေး

ထို့နောက် သက်ကြီးဘိုးဘွားများအား ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပူဇော်ကြကာ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (၀၆၀)

ရန်ကင်းစံရာ အနောက်ကျွန်းအမက မြတ်ဆရာပူဇော်

ညောင်တုန်း ဧပြီ ၂၀

ညောင်တုန်းမြို့နယ် ရန်ကင်းစံရာအနောက်ကျွန်း အခြေခံပညာ မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ (၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း၌ ဧပြီ ၁၄ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

မြတ်ဆရာပူဇော်ပွဲတွင် ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီးများအား အလှူငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ (၀၈၂)

ပခုက္ကူတွင် သက်ကြီးပူဇော်ပွဲကျင်းပ

ပခုက္ကူ ဧပြီ ၂၀

ပခုက္ကူခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့က ဦးဆောင်ကျင်းပသော သက်ကြီး ဘိုးဘွားပူဇော်ပွဲကို ၁၃၇၃ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက်များရှိ သက်ကြီးအဘိုး ၆၅ ဦး၊ အဘွား ၁၅၉ ဦးတို့အား ပူဇော်ကန်တော့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ပူဇော်ကန်တော့ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကာ သက်ကြီးအဘိုးအဘွားများအား ရှိခိုးကန်တော့ကြသည်။ (ဝဲပုံ)

ထို့နောက် အဘိုး ဦးဘခင် (အမှတ်-၂ ရပ်ကွက်)က ဆုမွန်ကောင်း ချီးမြှင့်ပေးသည်။

ပူဇော်ကန်တော့

ယင်းနောက် အဘိုးအဘွားများအား တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ စီကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများက ပူဇော်ကန်တော့လှူဒါန်းကြပြီး ကျန်ရှိနေသည့် အဘိုးအဘွားများအား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းပူဇော် ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ (၁၀၂)

လျှပ်စစ်သုံးလျှင်သတိယှဉ် ဝန်အားမမျှ မသုံးရ

ကျန်းမာသုတ သတင်းမှတ်စု

ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာရေးမှသည်....

မျိုးသော်ခန့်

လူ့ဘောင်လောကကြီးတွင် အသက်ရှင်နေထိုင်ရန် စား၊ ဝတ်၊ နေ၊ ရေးသည် အရေးကြီးဆုံးဟု ဆိုကြသည်။ သေသေချာချာ သုံးသပ်ကြည့်ပါက စား၊ ဝတ်၊ နေ၊ရေးကို အဆင်ပြေစွာ လုပ်ဆောင်နိုင်ရန်အတွက် ***ကျန်းမာရေး***သည် အဓိကကျပေသည်။

လူတို့အတွက် လိုအပ်သော စားမှု၊ သွားမှု၊ နေမှု၊ ထိုင်မှု၊ လုပ်ကိုင်မှုတို့အားလုံးသည် ကျန်းမာရေးပြည့်စုံမှသာလျှင်ဖြစ်နိုင်သည်။ မကျန်းမာလျှင် အဆိုပါ ကိစ္စများကို ပြေလည်စွာ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ကျန်းမာရေးနှင့် ပြည့်စုံမှသာလျှင် ထိုသူ၏လိုအင်ဆန္ဒများ အားလုံးကို စိတ်သွားတိုင်း ကိုယ်ပါ လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ဥစ္စာဓနရှာဖွေခြင်း၊ ပညာ သင်ကြားခြင်း၊ ကောင်းမှုကုသိုလ်ပွားများ ကျင့်ကြံခြင်း စသည်တို့လုပ်ဆောင်ရန်မှာ ကျန်းမာရေးနှင့် ပြည့်စုံမှသာလျှင် ထိရောက်စွာ လုပ်ကိုင်နိုင်မည် ဖြစ်သည်။

သို့ရာတွင် အချို့သည် ကျန်းမာရေးကိစ္စရပ်များကို အရေးမကြီးဟု ထင်ကာ သာမန်သဘောထားကြသည်။ အသေးအဖွဲကိစ္စဟုသာ ထင်ကြသည်။ ထိုကဲ့သို့ အပြုအမူရှိသူများကို ဝိုင်းဝန်း၍ အသိပညာဖြန့်ဝေပေးခြင်း၊ လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် ပြောင်းလဲလာမှုများ ရယူလာသည်လည်း ရှိသည်။ ဥပမာအားဖြင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်းဖြစ်သည်။ သို့ရာတွင် အချို့သူများမှာ ငယ်စဉ်ကပင် အလေ့အကျင့်ဖြစ်နေသည့်အတွက် ပြုပြင်ရန် ခက်ခဲလာသည်။

အများအားဖြင့် သက်ကြီးပိုင်းအချို့တွင် လည်းကောင်း၊ ဝေးလံဒေသ ဗဟုသုတနည်းပါးသူအချို့တွင် လည်းကောင်း တွေ့မြင်ရသည်။ အချို့ဆိုလျှင် တစ်နေ့တစ်ကြိမ်မျှပင် သွားတိုက်ခိုင်း၍ မရပါ။ သွားတိုက်ရမည်ကို ဝန်လေးကြသည်။ ရေမချိုးတော့လည်း ဘာမှမဖြစ်ဘူး၊ ရေချိုးမှ အန္တရာယ်ရှိတယ်ဟု ဆိုသူကဆိုသည်။ အိမ်သာသုံးလေ့ သုံးထမရှိ၊ တောထိုင်ကြသည်။ ယင်လုံအိမ်သာ သုံးခိုင်းတော့ မသုံးတတ်ဟု ဆိုသည်။ ဤသည်မှာ လွဲမှားစွာ ပြုမူနေကြခြင်းဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ကျန်းမာရေးအတွက်ဟု မသိကြပါ။ ထို့ကြောင့် အချို့သက်ကြီးပိုင်းနှင့် ကျန်းမာရေးအသိပညာ ဗဟုသုတနည်းပါးသူများအား ကျန်းမာရေးပညာပေးရန် ၎င်းတို့၏ ရင်သွေးငယ်များမှတစ်ဆင့် ပညာပေးရသည်။

ကလေးမှ ကလေးသို့ ကျန်းမာရေးပညာ လက်ဆင့်ကမ်းခြင်းဖြင့်လည်းကောင်း၊ ကလေးမှတစ်ဆင့် လူကြီးမိဘသို့ ကျန်းမာရေးပညာ၊ ကျန်းမာရေးအသိ ဖြန့်ဝေခြင်းကိုလည်းကောင်း လုပ်ဆောင်ရပါမည်။ ဤသည်မှာ ကျောင်းနေအရွယ်ကလေးများအား မူလတန်းမှစ၍ ကျန်းမာရေးအသိပညာနှင့် ကျန်းမာရေးအလေ့အကျင့် ရရှိစေရန် ကျန်းမာရေးဌာနနှင့် ဆရာ ဆရာမများ ပူးပေါင်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများ လက်တွေ့ ပညာပေးဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ငယ်ရွယ်စဉ်ကလေးဘဝမှာပင် ကျန်းမာရေးအသိ၊ ကျန်းမာရေးအလေ့အကျင့်ဖြစ်သွားပါက ကြီးသည်အထိ စိတ်ချသွားရပေသည်။ တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်း၊ အာဟာရအုပ်စုအကြောင်း၊ ယင်လုံအိမ်သာ သုံးစွဲမှုနှင့် လက်ဆေးခြင်းအကြောင်း စသည်တို့ကို ငယ်စဉ်ကာလကတည်းက စွဲမြဲစွာ ဆောင်ရွက်သွားလျှင် ကောင်းမွန်သော အလေ့အကျင့်များ ရရှိသွားမည် ဖြစ်သည်။

ထို့ကြောင့် ကျောင်းများတွင် ကလေးများအား စာတွေ့၊ လက်တွေ့ လိုက်နာစေခြင်းဖြင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ အုပ်ထိန်းသူများပါ ကျန်းမာရေးအလေ့အကျင့် ရရှိသွားမည်ဖြစ်သည်။ ကလေးငယ်များအား စာအနေဖြင့်လည်းကောင်း၊ လက်တွေ့လုပ်ဆောင်စေခြင်းဖြင့်လည်းကောင်း၊ ကဗျာများဖြင့်လည်းကောင်း ဆရာ ဆရာမများက အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးအသိပညာပေး ကဗျာအချို့မှာ-

အာဟာရ အုပ်စု (၃)စုနှင့် ပတ်သက်၍-

"ပဲအာလူးစားမယ်၊ ပဲအာလူးစားမယ်
ကြီးထွားမယ်၊ ကြီးထွားမယ်၊
ဟင်းသီးဟင်းရွက်စားပါ၊ ဟင်းသီးဟင်းရွက်စားပါ
ကျန်းမာမယ်၊ အသက်ရှည်မယ်။"

"အင်အားရှိအောင် ဘာစားမယ်၊
ဆန်၊ ဂျုံ၊ ပြောင်းနဲ့ အာလူးကွယ်။
သစ်ကြားသီးရယ် ကန်စွန်းဥ၊
မြေပဲဆီအုပ်စု။"

"ကြီးထွားမှုအတွက် ဘာစားမယ်၊
အမဲ၊ ကြက်၊ ဝက်၊ ဆိတ်သားကွယ်။
ဥ မျိုးစုံရယ် ကုလားပဲ၊
ဆန်၊ ဂျုံ၊ နို့၊ အသည်း။"

"ရောဂါစွဲကပ် ကာကွယ်အောင်၊
ဘာတွေစားမလဲမောင်။
ရွှေဝါရောင် အသီးများ၊
ဟင်းသီးဟင်းရွက်စား။"

"ဘာတွေများများ စားသင့်သလဲ
ညီ၊ ညီမလေးပြောမယ်ကွယ်
အုပ်စု(၃)စု မျှတစား၊
ကျန်းမာ၊ အား၊ ကြီးထွား။"

သွားတိုက်ခြင်းနှင့် ပတ်သက်၍-

"သွားကိုတိုက်မယ်၊ သွားကိုတိုက်မယ်
နေ့စဉ်ကွယ်၊ ညစဉ်ကွယ်
အစာစားပြီးလဲ တိုက်မယ်
အိပ်ရာဝင်တိုင်းလဲ တိုက်မယ်
သွားတိုက်မယ်၊ သွားတိုက်မယ်။"

သွားကို ဂရုစိုက်ရန် အတွက်မှာ-

"ကျန်းမာရေးအတွက် ဆင်ခြင်ကာ၊
သွားကိုစင်ကြယ်စွာ။
အစာစားပြီး ပလုတ်ကျင်း၊
သန့်ရှင်းအာခံတွင်း။
စားကြွင်းတွေက ညှပ်လို့ကျန်၊
သုံးကြသွားပွတ်တံ။
ထက်အောက်ပြန်လှန် သွားကိုတိုက်၊
သွားသန့်ရှင်းရေး ဂရုစိုက်။
အချိုကြိုက်က သွားရောဂါ၊
ဆွေးမြည့်သွားတွေနာ။
သံပရာ၊ ရှောက်၊ ခရမ်းချဉ်သီး၊
စားပါ ရည်ရွှမ်းသီး။
ငါးကြီးဆီနှင့် ကြက်ဥပါ၊
နွားနို့သောက်ရမှာ။
မာကြောအစာ မကိုက်ဝါး၊
သွားကျန်းမာအောင် သတိထား။"

အစာမစားမီ လက်ဆေးရန်အတွက်-

"ထမင်းချိုင့်ဆွဲ အတန်းထဲဝင်၊
သားသားမီးမီး လွန်ပျော်ရွှင်။
မွေးမိခင်က လက်စွမ်းပြ၊
သားသားမီးမီး အာဟာရ၊
ဆရာမက လမ်းညွှန်တာ၊
လက်ဆေးပြီးမှ စားကြပါ။
လက်ယာဘက်က အစာစား၊
လက်ဝဲ ယင်ခြောက်ထား။
စေတနာရှင်ရဲ့ တန်ဖိုးစာ၊
ဆိတ်သားပဲနှပ်ပါ။
ဆရာမက ဝေကာခွဲ၊
သားတို့သမီးတို့ ထမင်းပွဲ။"

ကျောင်းနေစကလေးများအား ကျန်းမာရေးအသိပညာ နှုတ်တိုက်သင်ကြားပေးခြင်း၊ လက်တွေ့ဆောင်ရွက်စေခြင်း၊ ကျန်းမာရေးအသိကဗျာများရွတ်ဆိုစေခြင်း၊ ကစားခုန်စားပြုလုပ်စေခြင်းဖြင့် ကျန်းမာရေးအသိစွဲမြဲစေသည်။ သားသမီးများမှတစ်ဆင့် မိဘအုပ်ထိန်းသူများသို့ အသိပညာပျံ့နှံ့စေသည်။ သက်ကြီးများသည် အရိုးစွဲနေပြီဖြစ်သော အလေ့အကျင့်ကို ပြုပြင်ရန်ခက်နေကြသည်၊ ရှက်နေကြသည်။ ဤသည်ကို သားသမီးတို့မှတစ်ဆင့် အလေ့အကျင့်ကောင်းများကို ပြန့်ပွားစေပါသည်။ ကျန်းမာရေးလုပ်ငန်းကို ကလေးငယ်များဘဝမှ ၎င်းတို့ အသက်ကြီးလာသည်အထိလည်းကောင်း၊ မိဘအုပ်ထိန်းသူများအား ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိစွဲမြဲစေရန်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်သည်။

သို့အတွက်ကြောင့် ကျောင်းနေရွယ်ကလေးငယ်များ၏ ကျန်းမာရေးလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေး အသိရှိသူများ ပူးပေါင်း၍ စဉ်ဆက်မပြတ် အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များတွင် ကျန်းမာရေးအသိပညာများ ပြည့်ဝပြီး သက်ကြီးများအထိ ကျန်းမာရေးအသိများ ပြန့်ပွားကာ အကျိုးများမည်ဖြစ်ပါသည်။ ထို့ကြောင့် ***တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး*** ဟူသော ဦးတည်ချက်နှင့်အညီ ကျန်းမာသော ပြည်သူပြည်သားများ ဖြစ်လာကြမည် ဖြစ်ပါကြောင်း။ ။

အီရတ်တစ်ဝန်း ပစ်ခတ်တိုက်ခိုက်မှုနှင့် ဗုံးခွဲမှုများဖြစ်ပွား

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံတစ်ဝန်းတွင် သေနတ်ပစ်ခတ်မှုများနှင့် ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဧပြီ ၁၉ ရက်က ခြောက်ဦး သေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဧပြီ ၂၀ ရက်၌ ပြောကြားသည်။

ဒဏ်ရာရ

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာ ဖလူးဂျာမြို့တွင် မော်တော်ယာဉ်တစ်စီးအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်း တိုက်ခိုက်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **(ယာပုံ)**

တစ်ဖန် ဘဂ္ဂဒက်မြို့အနောက်တောင်ဘက် အယ်လ်ဂျီဟက်မြို့ စစ်ဆေးရေးဂိတ်တစ်ခုတွင် အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ပျက်စီးခဲ့

ထို့အပြင် မူဆယက်မြို့လယ်တွင် လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦးသေဆုံးကာ မော်တော်ယာဉ်နှစ်စီး ပျက်စီးခဲ့သည်။

ဘာဘီလ်ပြည်နယ် ဟီလာမြို့တွင်လည်း အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ပြီး ဘာကူဘာမြို့တွင်လည်း သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားအချို့ ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

ကဘူးလ်မြို့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ကဘူးလ် ဧပြီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တောင်ပိုင်းတွင် ဧပြီ ၂၀ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

ကဘူးလ်မြို့တောင်ပိုင်း လူစည်ကားရာလမ်းမပေါ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ နေရာတွင်ပွဲချင်းပြီး သေဆုံးခဲ့သည်။ ဒဏ်ရာရသူများအား ဆေးရုံသို့အလျင်အမြန်တင်ပို့ကာ ဆေးကုသမှု ခံယူစေလျက်ရှိသည်။ **(အပေါ်ပုံ)**

ယင်းဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး တာလီဘန်လက်နက်ကိုင်များက ၎င်းတို့ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင်လည်း ဧပြီ ၁၉ရက်က နေတိုးလောင်စာယာဉ်တစ်စီးကို တာလီဘန်လက်နက်ကိုင်များက တိုက်ခိုက်ခဲ့သဖြင့် မီးလောင်ပျက်စီးခဲ့သည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲ သုံးဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဂရင်းဇုန်အဝင်ပေါက် စစ်ဆေးရေးဂိတ်အနီးတွင် ဧပြီ ၁၉ ရက် နံနက်က ကားဗုံးနှစ်လုံးပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဂရင်းဇုန်သည် နိုင်ငံခြားသံရုံးများနှင့် အီရတ်အစိုးရရုံးများ တည်ရှိရာနေရာဖြစ်သဖြင့် လုံခြုံရေး တင်းကျပ်ထားသည့် နယ်မြေတစ်ခုလည်း ဖြစ်သည်။

သေဆုံးခဲ့

ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သားနှစ်ဦးလည်း သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့တွင် ဧပြီ ၁၈ ရက်ကလည်း နေရာအနှံ့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး ဧပြီ ၂၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၅၅၂၈ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၇၇၇၇ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၅၂၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၇၇၇၇ ဦး

(အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဧပြီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှ စတင်ပြီး ဧပြီ ၂၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၇၉၃ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၄၁၂၁၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၇၉၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၂၁၆ ဦး

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

အိန္ဒိယအရှေ့မြောက်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ ၁၇ ဦးသေဆုံး

နယူးဒေလီ ဧပြီ ၂၀

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း တောင်တန်းထူထပ်သောဒေသ၌ ဧပြီ ၁၉ ရက်က ရဟတ်ယာဉ်တစ်စင်း မီးလောင်ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူ ၁၇ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအရာရှိများက ဧပြီ ၂၀ ရက်၌ ပြောကြားသည်။

ယင်းရဟတ်ယာဉ်မှာ အာသံပြည်နယ်ရှိ ဂူဝါဟာတီမြို့နှင့် ဥတာပရာဒေ့ရှ် ပြည်နယ်ရှိ တာ့ဝမ်စီမံကိန်းလုပ်ငန်းခွင်အကြား အလုပ်သမားများအား တင်ဆောင်ပျံသန်းပေးနေသော ရဟတ်ယာဉ်ဖြစ်သည်။ ထိုသို့ ပျံသန်းပေးနေစဉ် ဧပြီ ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်က မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် ရဟတ်ယာဉ်မှူးနှင့် တွဲဖက် ရဟတ်ယာဉ်မှူး အပါအဝင် ခြောက်ဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း၊ ရဟတ်ယာဉ် ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

★ မိုးမြင့်လင်းလက် - စုစည်းသည် ★

မနီလာမြို့၌ မီးလောင်မှုဖြစ်ပွား လူ ၁၀၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့

မနီလာ ဧပြီ ၂၀

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ စီးပွားရေးအချက်အချာကျသော မာကာတီအရပ်တွင် ဧပြီ ၁၉ ရက်က မီးလောင်မှု ဖြစ်ပွားရာ လူ ၁၀၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်သွားခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ဧပြီ ၂၀ ရက်၌ ပြောကြားသည်။ ***(အပေါ်ယာပုံ)***

မီးလောင်မှုဖြစ်ပွားရခြင်းမှာ မာကာတီအရပ်ရှိ အိမ်တစ်အိမ်၌ လျှပ်စစ်ထမင်းပေါင်းအိုးမှ တစ်ဆင့် ဝိုင်ယာကြိုးများ ရှော့ခ်ဖြစ်ပြီး ကူးစက်မီးလောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အိမ်ထောင်စု ၂၀၀၀ခန့် မီးဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း မနီလာမြို့တော်ဝန်က ဆက်လက် ပြောကြားသည်။

ပြုလုပ်ထား

ယင်းနေရာသည် ယခင်က မီးလောင်ကျွမ်းမှု လေးကြိမ်ဖြစ်ပွားခဲ့ဖူးပြီး ယခုအကြိမ်သည် အဆိုးရွားဆုံး မီးလောင်မှုပင်ဖြစ်သည်။ ဖိလစ်ပိုင်အစိုးရက ပြည်သူများ အနေဖြင့် မီးဘေးကြိုတင် ကာကွယ်နိုင်ရေးအတွက် သတိပေးမှုများလည်း ပြုလုပ်ထားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အားကစားခန်းမ နှစ်ခုနှင့် နေအိမ်များ မီးလောင်ခံခဲ့ကြရသည်။ မနီလာမြို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလက မီးလောင်မှုကြောင့် လူ ၃၀၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ ***(အင်တာနက်)***

စစ်ရေးလေ့ကျင့်မှု ရုရှားလေတပ်ပြုလုပ်

မော်စကို ဧပြီ ၂၀

ရုရှားလေတပ်သည် နှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုကို ဧပြီ ၁၉ ရက်မှ ၂၀ ရက်အထိ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ စစ်ရေးလေ့ကျင့်မှုပြုလုပ်ရာတွင် စစ်ရေးမဟာဗျူဟာကျကျ လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားစစ်ဘက်က ဧပြီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုလေတပ်စစ်ရေးလေ့ကျင့်မှုတွင် တီယူ-၁၆၀၊ တီယူ-၉၅ အမ်-စီ၊ တီယူ-၂၂ အမ်-၃နှင့် ဝေဟင်၌ လောင်စာဆီထောက်ပံ့ဖြည့်ဆည်းရေး လေယာဉ်များလည်း ပါဝင်ဆင်နွှဲကြကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။

လေ့ကျင့်ခဲ့

ထို့အပြင် အမ်အိုင်ဂျီ-၂၉၊ အမ်အိုင်ဂျီ-၃၁၊ အက်စ်ယူ-၂၇ တိုက်လေယာဉ်များအပါအဝင် စစ်ဘက်ဆိုင်ရာ လေယာဉ်စုစုပေါင်း ၄၅ စင်းတို့ ပါဝင်ကာ ဝေဟင်၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ လေတပ်တပ်ဖွဲ့ဝင်များကလည်း ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှု၊ တိုက်လေယာဉ်များ ဝေဟင်၌ လောင်စာဆီဖြည့်ဆည်းမှုနှင့် လေယာဉ်အုပ်စုအလိုက် စစ်ဆင်ရေးဆင်နွှဲမှုများကို လေ့ကျင့်ခဲ့ကြသည်။ *(အင်တာနက်)*

ဂျပန် နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုမှသည် . . .

တိုး
ရေးသားသည်

နျူကလီးယားစွမ်းအင်သည် လူသားတို့အပေါ် ကောင်းကျိုးပြုသော်လည်း ဆိုးကျိုးကိုလည်း ဖြစ်ပေါ်စေတတ်သည်ကို မကြာမီက ဖြစ်ပွားခဲ့သော ဂျပန် နျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ်ရပ်က ကမ္ဘာ့ပြည်သူတို့အား မီးမောင်းထိုးပြခဲ့ပြီဖြစ်သည်။

စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတစ်ဝန်း

ငလျင်နှင့် ဆူနာမီဒဏ်ခံခဲ့ရသည့် ဂျပန်နိုင်ငံ ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားစက်ရုံ ပေါက်ကွဲမီးလောင်နေသည်ကို ဤသို့တွေ့ရသည်။

လျှပ်စစ်ဓာတ်အားပေးနေသည့် ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံမှာ မတ် ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးသွားခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် စက်ရုံမှ လျှပ်စစ်ဓာတ်အားပေးမှု ရပ်ဆိုင်းသွားသည့်အပြင် စက်ရုံ၏ အဓိကကျသော အဆောက်အအုံပါ ထိခိုက်သွားသည့်အတွက် ရေဒီယိုသတ္တိကြွပစ္စည်းများ ယိုဖိတ်ပျံ့လွင့်လေသည်။

စိုးရိမ်နေရ

ထို့ကြောင့်ပင် အရှေ့မြောက် ကမ်းခြေမှ ဂျပန်ပြည်သူ နှစ်သိန်းနီးပါးကို ဘေးကင်းရာသို့ ပြောင်းရွှေ့စေခဲ့ရသည့်အပြင် ရေဒီယိုသတ္တိကြွပစ္စည်းများ ပိုမိုပျံ့နှံ့မှု အန္တရာယ်ကိုလည်း ပြည်သူများ စိုးရိမ်နေခဲ့ရသည်။

စက်ရုံမှ ရေဒီယိုသတ္တိကြွပစ္စည်းများ ပျံ့နှံ့နေသဖြင့် လူသားများ ဝင်ရောက်လုပ်ကိုင်ရန် မသင့်သည့်အတွက် စက်ရုပ်များကိုပင်လွှတ်ပြီး စူးစမ်းပြုပြင်နေရသည် ဟူသော သတင်းများကိုလည်း ကြားနေရသည်။ ထိုအခါတွင် မနိုင်မနင်း ဖြစ်လာမှုအပေါ် စောစောစီးစီးက ယင်းကို ကြိုတင်မစီမံထားရကောင်းလားဟူသော ဝေဖန်သံများသည်လည်း ဂျပန်ပါလီမန်အတွင်း ပိုမိုကျယ်လောင်လာသည်ကိုလည်း ကြားရသည်။

လယ်ယာထွက်ကုန်အချို့တွင် ရေဒီယိုသတ္တိကြွပစ္စည်းများ တွေ့ရသဖြင့် ဂျပန်ဝန်ကြီးချုပ်က ထိုကုန်ပစ္စည်းများကို တင်ပို့ရောင်းချခြင်းမပြုရန် တားမြစ်ခဲ့သည်။

ဂျပန် အဏုမြူဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွ ပစ္စည်းအချို့ကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်၊ ကယ်လီဖိုးနီးယား၊ ဝါရှင်တန်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်တို့ရှိ ရေများတွင် တွေ့ရသော်လည်း ပြည်သူ့ကျန်းမာရေးကို ထိခိုက်နိုင်စေဖွယ်မရှိဟုဆိုသဖြင့် တော်ပေသေးသည်။

ပျက်စီး

မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ ဓာတ်ပေါင်းဖို အအေးခံရေးစနစ်များ ပျက်စီးသွားရသည်။ ဓာတ်ပေါင်းဖို ခြောက်ခုအနက် လေးခုတွင် မီးလောင်မှု၊ ပေါက်ကွဲမှု သို့မဟုတ် တစ်စိတ်တစ်ပိုင်း အရည်ပျော်မှုများ ဖြစ်ခဲ့ရသည်။

ဂျပန်နျူကလီးယားဓာတ်အားပေး စက်ရုံမှ နျူကလီးယား မတော်တဆ ဖြစ်မှုကိုကြားရသောအခါ ကမ္ဘာတစ်ဝန်း အချို့နိုင်ငံများက နျူကလီးယား

နျူကလီးယားစွမ်းအင်သည် လူသားတို့အပေါ် ကောင်းကျိုးပြုသော်လည်း ဆိုးကျိုးကိုလည်း ဖြစ်ပေါ်စေတတ်သည်ကို မကြာမီက ဖြစ်ပွားခဲ့သော ဂျပန် နျူကလီးယားဓာတ်အားပေး စက်ရုံ ပေါက်ကွဲမှုဖြစ်ရပ်က ကမ္ဘာ့ပြည်သူတို့အား မီးမောင်းထိုး ပြခဲ့ပြီ။

စက်ရုံ တည်ဆောက်မည့် အစီအစဉ်များကို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်ရန် စီစဉ်နေကြသည်။ အမေရိကန်နှင့် အချို့နိုင်ငံများမှာလည်း လက်ရှိလည်ပတ်နေသည့် နျူကလီးယား စက်ရုံများကို ပြန်လည်ဆန်းစစ်သည် အထိ ဖြစ်လာသည်။

အမှန်စင်စစ် နျူကလီးယား မတော်တဆဖြစ်မှုသည် ကမ္ဘာပေါ်၌ ဂျပန်နိုင်ငံက ပထမဆုံးကြုံတွေ့ရခြင်း မဟုတ်ပါပေ။ ကမ္ဘာပေါ်၌ စစ်အေးတိုက်ပွဲကာလအတွင်း ၁၉၇၉ ခုနှစ် အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် ဟာရစ်ဘတ်အနီး သရီးမိုင်အိုင်းလင်း အရေးပေါ်ကိစ္စနှင့် ၁၉၈၆ ခုနှစ်တွင် ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု ယူကရိန်းပြည်နယ် ချာနိဘိုင်းလ် နျူကလီးယား မတော်တဆဖြစ်မှုများမှာ အထင်ကရဖြစ်ရပ်များပင်ဖြစ်သည်။

မတူညီ

မည်သို့ပင်ဖြစ်စေ အချိန်ကာလခြားသော်လည်း မည်သည့်နိုင်ငံ၌ဖြစ်စေ နျူကလီးယားမတော်တဆမှု ဖြစ်ပါက ကမ္ဘာတစ်ဝန်း အုတ်အော်သောင်းတင်း ဖြစ်တတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ ဤဖြစ်စဉ်သုံးခု၌ ဓာတ်ပေါင်းဖို အမျိုးအစားများမှာ မတူညီကြောင်း တွေ့ရသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံ၌ ဓာတ်ပေါင်းဖို ခြောက်ခုရှိရာ ရေနွေးသုံးသည့် ရေပေါ့ ဓာတ်ပေါင်းဖို အမျိုးအစားဖြစ်သည်။ ရေလေးဓာတ်ပေါင်းဖို အမျိုးအစားလည်း အခြားနိုင်ငံများ၌ရှိရာ ဤနှစ်မျိုးစလုံးက ရေကို ရည်ရွယ်ချက်နှစ်မျိုးဖြင့် အသုံးပြုခြင်းဖြစ်သည်။ ပထမ ရည်ရွယ်ချက်က အဏုမြူဓာတ်ပေါင်းဖိုကို အအေးပေးရန်ဖြစ်ပြီး ဒုတိယ ရည်ရွယ်ချက်က နျူထရွန်ထုတ်နှုန်း လျှော့ချထိန်းပေးရန် ဖြစ်သည်။

ချာနိဘိုင်းလ် ဓာတ်ပေါင်းဖိုများမှာ အာရ်ဘီအမ်ကေ အမျိုးအစားဖြစ်သည်။ ရေကို အဏုမြူဓာတ်ပေါင်းဖို အေးစေရန်သုံးသော်လည်း ထိန်းညှိကိရိယာအဖြစ် ဂရက်ဖိုက်ကိုအသုံးပြုခြင်းဖြစ်သည်။ ကမ္ဘာပေါ်၌ မည်သည့် ဓာတ်အားပေးဓာတ်ပေါင်းဖိုမှ ရေနှင့်ဂရက်ဖိုက်ကို တွဲမသုံးဟုသိရသည်။

ဂျပန်အစိုးရက ရေဒီယိုသတ္တိကြွပစ္စည်း ယိုစိမ့်မှုနှင့် ပတ်သက်၍ အဆင့်ငါးမှ နိုင်ငံတကာစံညွှန်းအရ အနည်းဆုံး အဆင့်ခုနစ်ကို မတ် ၁၁ ရက်နောက်ပိုင်း တစ်လကျော်ကြာမှ ကြေညာခဲ့သည်။ အမှန်အားဖြင့် ဖူကူရှီးမား နျူကလီးယား မတော်တဆဖြစ်မှုမှ ယိုစိမ့်ထွက်သည့် ရေဒီယိုသတ္တိကြွပစ္စည်းပမာဏမှာ ချာနိဘိုင်းလ်မှ ရေဒီယိုသတ္တိကြွပစ္စည်း ပမာဏ၏ ဆယ်ပုံတစ်ပုံသာ ရှိသည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ ဂျပန်နိုင်ငံ အနေဖြင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ်ကြောင့် ယခုကဲ့သို့ နျူကလီးယားမတော်တဆမှု ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

သင်ခန်းစာပေး

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတွင် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများကို မီးရှို့ကာ လျှပ်စစ်ဓာတ်အားရယူခြင်းထက် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရာဖွေခြင်းက ပိုမိုသင့်လျော်ပေသည်။ သို့သော် ဤဖြစ်ရပ်သည် ဂျပန်နိုင်ငံကို သင်ခန်းစာပေးသကဲ့သို့ နောက်နောင်တွင် နျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်သည့်အခါ ပိုမိုပြည့်စုံစွာ တွက်ချက် တည်ဆောက်ရန် လိုအပ်သည့်အချက်ကို ပြည်သူများအတွက် ကောင်းကျိုးနှင့် ဆိုးကျိုးကို ဒွန်တွဲနေသော နျူကလီးယားဓာတ်အားပေးစက်ရုံ ပေါက်ကွဲမီးလောင်မှုဖြစ်စဉ်များမှသည် သင်ခန်းစာများပေး လျက်ရှိနေပါကြောင်း။ ။



ချာနိဘိုင်းလ်နျူကလီးယားစက်ရုံ မတော်တဆ ဖြစ်ပြီးနောက် ဤသို့တွေ့ရသည်။

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

မောင်ချစ်ကြည် - စုစည်းသည်

ဂြိုဟ်တုသုံးလုံး အိန္ဒိယနိုင်ငံ လွှတ်တင်

နယူးဒေလီ ဧပြီ ၂၀

အိန္ဒိယနိုင်ငံက ဂြိုဟ်တုသုံးလုံးကို ဧပြီ ၂၀ ရက်က လွှတ်တင်လိုက်ကြောင်း အိန္ဒိယအာကာသရေးရာအရာရှိများက ပြောကြားလိုက်သည်။

ယင်းဂြိုဟ်တုများကို ပီအက်စ်အယ်လ်ဗွီစီ-၁၆ ဒုံးပျံယာဉ်ဖြင့် စရီဟာရီကိုတာမြို့တောင်ဘက် ဒုံးပျံလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းဆက်သွယ်လုပ်ငန်းများ ပိုမိုကောင်းမွန်လျင်မြန်စေရန်အတွက် လွှတ်တင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

(အောက်ပုံ) (အင်တာနက်)

တရုတ်၌ အဆောက်အအုံပြိုကျ ခြောက်ဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာရ

ဟန်ကျိုး ဧပြီ ၂၀

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးမြို့တွင် ဧပြီ ၁၉ ရက်က ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ အလုပ်သမားခြောက်ဦး သေဆုံးခဲ့ကြောင်း ဟန်ကျိုးမြို့အရာရှိများက ဧပြီ ၂၀ ရက်၌ ပြောကြားသည်။

ယင်းဖြစ်ရပ်များမှာ ကျီကျန်းပြည်နယ် မြို့တော်ဟန်ကျိုးတွင် ဧပြီ ၁၉ ရက် ည ၉ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ၁၀ ဦးခန့်လည်း ဒဏ်ရာရရှိခဲ့သည်။

၎င်းနောက် အကူအညီပေးရေးအဖွဲ့များရောက်ရှိကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်၌ မြေပြို ခြောက်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဂျကာတာ ဧပြီ ၂၀

အင်ဒိုနီးရှားနိုင်ငံအနောက် ဂျာဗားပြည်နယ်တွင် မြေပြိုမှု နှစ်နေရာဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဧပြီ ၂၀ ရက်၌ ပြောကြားသည်။

ဘိုဂေါခရိုင်အတွင်း မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမမြေပြိုမှုမှာ ပါဆာပီတီကျေးရွာအနီး၌ ဖြစ်ပွားရာ နှစ်ဦးသေဆုံးခဲ့သည်။ ဒုတိယမြေပြိုမှုမှာ စင်တာမာနစ်ကျေးရွာအနီး၌ဖြစ်ပြီး လေးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

မြေပြိုမှုမှာ မိုးသည်းထန်စွာ ရွာသွန်း၍ဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဧပြီ ၂၀ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၀၇ ဒသမ ၆၃
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၃၁
၃။	ရွှေ	တစ်အောင်စ	၁၅၀၃ ဒသမ ၄၉
၄။	ငွေ	တစ်အောင်စ	၄၄ ဒသမ ၇၄
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၉
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၀

သူတို့ ဘယ်မှာ ပျော်လေသီ

ကိုယ့်ဘဝ အညတရဇာတ်ကြောင်းကို စာတစ်အုပ်ရေးတော့မည်ဟု စိတ်ကူးရမိသောအခါ ကိုယ်ကျင်လည်ခဲ့ရာဘဝမှ ပုံရိပ်များပေါ်လာသည်။ စစ်ကြီးအတွင်း စစ်ပြေးရသော လူမမည်ဘဝ၊ လူငယ်ဘဝ၊ ဆေးကျောင်းသူ ပညာသင်ဘဝ၊ ဆရာဝန်ဘဝနှင့် လူမှုရေးသင်းပင်း အဖွဲ့အစည်းဝင်တစ်ဦး ဘဝဟူသော မျက်နှာစာပေါင်းများစွာတို့ကို အမှတ်ရမိသည်။ ထိုအထဲမှ ဦးဦးဖျားဖျား များများစားစား ပေါ်လာသော ပုံရိပ်များမှာ ဆရာဝန်ဘဝမှ အဖြစ်အပျက် ကိုယ်တွေ့တို့ဖြစ်လေသည်။ အထူးသဖြင့် အသက် ၄၀ ဝန်းကျင် ဆရာဝန်ဘဝ၌ ကလေးများ၏ အာဟာရပြုစုပျိုးထောင်ရေးကို ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက် ကျန်းမာရေးဝန်ထမ်းများနှင့် တရင်းတနှီး ပျော်ပျော်ပါးပါး ဆောင်ရွက်ခဲ့ရချိန်အကြောင်း ဖြစ်သည်။ ကိုယ့်ဘဝ မူလအစ အကြောင်းကို ပြန်မတွေးခင် “သူတို့”အကြောင်းက အာရုံထဲသို့ဝင်လာသည်။

“သူတို့” ဆိုသည်မှာ နုနယ်သော နိုင်ငံ့သားသမီးလူငယ်များပင်ဖြစ်သည်။ အချို့ကို မိဘနာမည်ဖြင့် မှတ်မိသည်။ အချို့ကို သူတို့လေးတွေ၏ နာမည်ဖြင့် သတိရသည်။ ယခုတော့ ကိုယ်က အငြိမ်းစားယူပြီး သူတို့က ဘဝကိုယ်စီ၊ တာဝန်ကိုယ်စီ ရှိနေကြတော့မည်။

သူတို့ရုပ်သွင်ကို ယခုပင် မြင်ယောင်လာမိသည်။

အရေပြားတို့သည် အဆီမရှိဘဲ အရိုးတွင် ကပ်နေ၏။ ဆံပင်တို့သည် ပြောင်းဖူးမွေးကဲ့သို့ ကျိုးတိုးကျဲတဲ၊ မျက်တွင်းဟောက်ပက်နှင့် မိခင်တို့ ပွေ့ချီလာသော ကလေးများကို မေတ္တာဖြင့် ကျွန်မတို့ လက်ဆင့်ကမ်း ပွေ့ယူခဲ့ကြသည်။

ဗီတာမင်အေဓာတ်မရ၍ မျက်လုံးများပေါက်ထွက်ပြီး တစ်ကိုယ်လုံး ဖောရောင်ကာ အရေပြားတွေ မည်းကွက်နေသော ကလေးငယ်များကိုလည်း မိခင်တို့ ပွေ့ချီလာပြန်၏။

အာဟာရချို့တဲ့၍ ရောဂါဝင်၊ ရောဂါဝင်၍ အာဟာရချို့တဲ့သော ကလေးတို့မှာ မည်မျှပင် ဆေးဝါးကုသပေးခဲ့ပါစေ၊ ထပ်တလဲလဲ ဆေးရုံပြန်တက်နေကြရသည်။ ယင်းမှာ မိသားစုကျန်းမာရေးပညာ ချို့တဲ့မှုကြောင့် ဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ခန့်က ကလေးဆေးရုံကြီး၏ ကလေးအာဟာရပျိုးထောင်ယူနစ်တွင် ကလေးများကို ဆေးဝါးကုသပြီး မိခင်များကို ပညာပေးခဲ့ကြသည်။ ယင်းအဖွဲ့တွင် ဆရာဝန်၊ ဆရာမ၊ ဆေးကျောင်းသူ၊ ကျောင်းသားများ အဓိကပါဝင်ခဲ့ကြသည်။ ထို့ပြင် မိဘပြည်သူများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ တယ်လီဗေးရှင်းနှင့် ရုပ်ရှင်ပညာရှင်များကပါ ပူးပေါင်း၍ နောင်တစ်ခေတ်၏ မျိုးဆက်သစ်များ ကျန်းမာရှင်သန်ရန် မေတ္တာစေတနာအပြည့်ဖြင့် ပါဝင်ခဲ့ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ဆေးရုံကြီးတို့တွင် ထိုနမူနာအတိုင်း အာဟာရယူနစ်များ ကျန်းမာရေးဌာနက ဖွင့်လှစ်ပေးခဲ့ကြသည်။ အာဟာရချို့တဲ့သော ကလေးငယ်များ ပြန်လည်ကျန်းမာသန်စွမ်းခဲ့သလို၊ ပုံမှန်ကျန်းမာသော ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေများမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်။

သည်လိုနှင့် မနေ့က သီတင်းကျွတ်ကို ပြန်လည်သတိရမိသည်။

အိမ်ရှေ့တံခါးပေါက်ဝမှ ခေါင်းလောင်းမြည်သံကြောင့် ထွက်ကြည့်လိုက်တော့ အရပ်ထောင်ထောင်မောင်းမောင်း လူငယ်တစ်ဦး ရပ်နေသည်။ သစ်သီးများပြည့်နေသော ပလတ်စတစ်ခြင်းတောင်းဆွဲ၍ သူ့အပါးတွင် အသက် ၅၀ ခန့် ဖြူဖြူဝဝ အမျိုးသမီးကြီးတစ်ဦးကိုပါ တွေ့လိုက်ရသည်။

“အမေ၊ ကျွန်တော့်ကို မှတ်မိရဲ့လား၊ ကျွန်တော် မောင်အောင်ဝင်းလေ”

ကျွန်မသည် အမေဟု ခေါ်သံကြားလိုက်သည်နှင့် ရင်ဝယ်တသိမ့်သိမ့် ချမ်းမြေ့ကြည်နူးစွာဖြင့် နေရာထိုင်ခင်းပေးလိုက်သည်။ သို့သော် မောင်အောင်ဝင်းနှင့် သူ့မိခင်နှင့်တူသူကို ဝမ်းသာစွာကြည့်မိသော်လည်း ဦးခေါင်းထဲမှာ ရုတ်တရက် အဖြေရှာမရ။

“မာမီကြီး၊ လွန်ခဲ့တဲ့ ၁၉၇၆ ခုနှစ်လောက်တုန်းက သခင်မြပန်းခြံ အာဟာရယူနစ်မှာ သားလေးမောင်အောင်ဝင်းက သုံးနှစ်သားအရွယ်ပေါ့။ သန်ကောင်ရောဂါနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီး ဆေးရုံလာတက်ခဲ့ရတယ်လေ။ ကျွန်မက ဆေးရုံမှာ ဆရာမတွေသင်ကြားပေးတဲ့ အာဟာရသင်တန်းတက်ပြီး မိခင်တွေကို ထပ်ဆင့်သင်ပေးခဲ့တဲ့ မခင်မိပါ”။ မှတ်မိပါပြီ၊ ထိုစဉ်က ရုပ်ရှင်သရုပ်ဆောင်ဒေါ်နွဲ့နွဲ့စန်းသည်လည်း သူ့ကလေးကြီးထွားသန်မာစေရန် အာဟာရယူနစ်တွင် သင်တန်းလာတက်ပြီး သင်တန်းဆရာမ ပြန်လုပ်ကာ ဆေးရုံတက်နေသော ပြင်ပမှ မိခင်များကို ဆင့်ပွားသင်ကြားပေးခဲ့သည်။

ဒေါ်နွဲ့နွဲ့စန်းမှာ ရုပ်ကလည်းလှ၊ အပြောကလည်း ကောင်း၍ သူပညာပေးသည့်နေ့တွင် သင်တန်းခန်းမ၌ လူများပြည့်လျှံသွားသည်။ သန်ကောင်ရောဂါကာကွယ်ရေးအကြောင်း၊ ကာကွယ်ဆေးထိုးရန်အကြောင်း စသည့် ကျန်းမာရေးပညာများအားလုံးကို ဟောပြောတတ်သည်။

စန္ဒရားဆရာကြီး ဦးတင်ဝင်းလှိုင်၏ဇနီးသည်လည်း အာဟာရ သင်တန်းဆရာမတစ်ဦး ဖြစ်ခဲ့သည်။ အာဟာရယူနစ် သုံးနှစ်ပြည့်မြောက်သောနေ့တွင် စန္ဒရားဆရာကြီးဦးတင်ဝင်းလှိုင်က စန္ဒရားတီးကာ ဆေးရုံကဆင်းသွားပြီး ပျော်ရွှင်ကျန်းမာဝဖြိုးနေပြီဖြစ်သော ကလေးငယ်များက မပီကလာ ပီကလာနှင့် သီချင်းလိုက်ဆိုကြသည်။

စာရေးဆရာကြီးဦးချစ်စံဝင်း၏သားလေး နေစိုးဦးကိုလည်း ယနေ့တိုင်မမေ့နိုင်သေးပေ။ ဦးချစ်စံဝင်းနှင့်အတူ သတင်းစာဆရာကြီးများ၊ သတင်းထောက်များ၏ ကလေးငယ်များကို လစဉ် ပေါင်ချိန်ပေးရသည်။ သူတို့ကို ကျန်းမာရေးစစ်ဆေးပြီး ဆေးဝါးကုသပေးရာ ကလေးမိခင်တို့ပါ လိုက်ပါလာကြကာ သင်တန်းတက်ကြသည်။ မောင်နေစိုးဦးအပါအဝင် ကလေးများဝဖြိုးသွားပေသည်။ ဤသို့ဖြင့် ကလေးများတစ်လအတွင်း ကျန်းမာဝဖြိုးလာကြသည်။ မိခင်များ ဝင်ငွေကောင်းရန် မုန့်လုပ်နည်းမျိုးစုံ၊ စိုက်ပျိုးမွေးမြူရေးတို့ပါ သင်ကြားပေးပုံများကို သတင်းစာများတွင် ပါရှိခဲ့၏။ ပြည်သူလူထု စိတ်ဝင်စားပြီး အစာအာဟာရများ လာရောက်လှူဒါန်းကြသည်ကိုလည်း သတိပြန်ရမိသည်။

ယုဝတီခင်ဦး

နောက်တစ်ယောက်က “မောင်အေးမင်းပါ”တဲ့။ ဒီကလေးက အသက်တစ်နှစ်ခွဲခန့်တွင် အရိုးပေါ်အရေပြားကပ်ပြီး မကျန်းမာခဲ့ပေ။ မိခင်က သားငယ်ကလေး ကျန်းမာဝဖြိုးလာစေရန် နည်းကောင်းလမ်းကောင်းများကို ရေမြေဆုံးတိုင်ရှာဖွေရာ နောက်ဆုံးမှ ကလေးအာဟာရပျိုးထောင်ယူနစ်သို့ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

“မောင်အေးမင်းပါ”၏ မိခင်သည် သားငယ်ကိုချစ်လွန်း၍ စိုးရိမ်ပြီး နို့မှုန့်ကို မိခင်နို့ထက်ပို၍ အားရှိသည်ဟု ယူဆကာ နို့ဘူးတိုက်ခဲ့သည်။ အသားငါးကျွေးလျှင် သန်ထမည်၊ အသီးအရွက်ကျွေးလျှင် ဝမ်းပွမည်၊ ပဲဟင်းကျွေးလျှင် ဝမ်းသွားမည်၊ ကြက်ဥကျွေးလျှင် ဝမ်းပုပ်မည်ဟု အယူမှားကာ ထမင်းကို ဆီနှင့်ဆားနှင့် ငါးခြောက်နှင့်သာ ကျွေးခဲ့မိသည်။

ဆရာဝန်၊ ဆရာမများက ဆေးဝါးထက် အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ်နှင့် အာဟာရဆိုင်ရာသင်တန်း၊ အာဟာရပြည့်ဝအောင် ချက်ပြုတ်နည်း၊ သန်ကောင်ရောဂါ၊ ကူးစက်ရောဂါကာကွယ်နည်း၊ ကာကွယ်ဆေးထိုးနည်း၊ မိခင်နို့ချိုတိုက်ကျွေးနည်းတို့ကို သင်ကြားပေးပြီး ကလေးများကို ပြုစုယုယကျွေးမွေးခဲ့ကြသည်။

မေတ္တာ၊ ကရုဏာ၊ စေတနာတို့၏ အကျိုးကား “မောင်အေးမင်းပါ” သည် နတ်ရေကန်ထဲသို့ ပစ်ချလိုက်သလို တစ်လအတွင်း ဝဖြိုးလာသည်။ မောင်အေးမင်းပါ၏မိခင်သည် ဆေးရုံတက်၍ ကျောင်းပျက်နေသောကလေးများနှင့် မိခင်များကို အာဟာရပညာပေးခဲ့သော စေတနာ့ဝန်ထမ်း ဆရာမလေးတစ်ဦးလည်း ဖြစ်လာခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန မော်ကွန်းရုပ်ရှင်ကလည်း မနေနိုင်တော့။ ဆရာဦးမြင့်သိန်းဖေက စေတနာမေတ္တာအပြည့်ဖြင့် “မောင်အေးမင်းပါ”၏ တကယ့်အဖြစ်အပျက်ဇာတ်လမ်းကို “ရင်သွေးဟူက အာဟာရ၊ ပြည့်ဝစေသင့် ပန်းနှယ်ပွင့်”ဟူသော အမည်နှင့် ရိုက်ကူးခဲ့သည်။ ကလေးဇာတ်လိုက်သရုပ်ဆောင်လေး “မောင်အေးမင်းပါ”သည် ဆေးရုံတက်ခါစက အလေးချိန် ၆ ပေါင် ၂ အောင်စ၊ နှစ်လ ကြာသောအခါ ၁၇ ပေါင်အထိ တက်လာသည်မှာ ယုံနိုင်ဖွယ်ရာမရှိပေ။ ထိုကျန်းမာရေးပညာပေး သတင်းကားကို ပြစဉ်ကလည်း မိဘပြည်သူများ စိတ်ပါဝင်စားကာ အားပေးခဲ့ကြသည်။

လွန်ခဲ့သော အနှစ် ၂၀ ကျော်က ပုံရိပ်တို့ကို ပြန်လည်တွေးရင်း တရိပ်ရိပ် ပြန်သတိရလာသည်။ ထိုအခါက အသက်သုံးလေးနှစ်အရွယ်ရှိသော မောင်အောင်ဝင်းသည်လည်း တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရန်လိုအပ်သည့်အတွက် သန်ကောင်ရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောနှင့် ပိန်ချုံး၍ အာဟာရပြတ်ကာ ဆေးရုံရောက်လာခဲ့သူဖြစ်ကြောင်း မှတ်မိလာပါပြီ။

“ကျွန်မတို့ မာမီကြီးကို အမြဲသတိရပြီး အမြဲမေတ္တာပို့နေတာပါ။ အခု မောင်အောင်ဝင်းက ဗိုလ်သင်တန်းဆင်းပြီးပြီလေ။ မာမီကြီးရဲ့ ယုဝတီခင်ဦး အမည်နဲ့ ကျန်းမာရေးပညာပေးဆောင်းပါးတွေကို အမြဲမပြတ် ဖတ်နေခဲ့ပါတယ်။ သားက မာမီကြီးကို စစ်ဗိုလ်ဖြစ်တော့မှ ဂုဏ်ယူစွာနဲ့ သွားတွေ့ပြီး ကန်တော့မယ်လို့ သန္နိဋ္ဌာန်ချခဲ့တာပါ”။ မောင်အောင်ဝင်းလေးမှာ ယောကျ်ားပီသစွာ ထွားထွား ကျိုင်းကျိုင်းနှင့် နိုင်ငံ့သားကောင်းရတနာတစ်ဦးဖြစ်နေသည်ကို တွေ့ရပြီး အနန္တော အနန္တဂိုဏ်းဝင်မှန်းသိစွာဖြင့် ကျွန်မကို ရိုရိုသေသေနှင့် လေးစားစွာ ကန်တော့ပါသည်။ သူ့ကို ကြည့်ရင်း ဝမ်းသာကြည်နူးစွာဖြင့် နှလုံးသားထဲမှ မေတ္တာများယိုစီး၍ ဆုမွန်များပေးလိုက်ပါသည်။

နောက်တစ်ယောက်မှာ မောင်အောင်ထွန်းဖြစ်သည်။ သူသည် အရိုးအပြိုင်းပြိုင်းနှင့် (Marasums) ခေါ် အာဟာရပြတ်ပြီး အရိုးပေါ်အရေတင်ဖြင့်…။ သည်လိုဖြစ်လာရသည်ကလည်း အထက်လှန်အောက်လျှောရောဂါ ရက်ပေါင်းများစွာဖြစ်ပြီး မြော့မြော့လေးကျန်တော့မှ ဆေးရုံသို့ရောက်လာ ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဆရာဝန်၊ ဆရာမ၊ ဆေးကျောင်းသူ ကျောင်းသား များနှင့်အတူ သူ့မိခင်ကိုယ်တိုင် စနစ်တကျ ကျွေးမွေးပြုစုယုယသောကြောင့် တစ်လအတွင်း ဝတုတ်ကလေးဖြစ်လာ၍ ဝမ်းသာကြရသည်။ ဆေးရုံက ဆင်းပြီးနောက် (Follow Up) နောက်ဆက်တွဲ ပြန်ခေါ်ကြည့်သောအခါတွင် ကျန်းမာရွှင်လန်းဝဖြိုးနေသည်ကို တွေ့ရသည်။

သူမှုကြိုကျောင်းရောက်သောအခါ တစ်ခေါက်ပြန်ပေါ်လာသည်။ ထို့နောက် ယခုထိ ပြန်မတွေ့ရသေးပါ။ ကျွန်မသည် ရန်ကုန်ကလေးဆေးရုံမှ ရခိုင်ပြည်နယ် စစ်တွေမြို့ ကလေးအထူးကုဆရာဝန်ကြီးအဖြစ် ပြောင်းရပြီးနောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးကျောင်းဆရာဝန်ကြီး၊ ထို့နောက် မိခင်နှင့်ကလေးကျောင်းကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ်အဖြစ် တိုင်းပြည်တာဝန်ထမ်းဆောင်ပြီး ပင်စင်ယူသွားသည်အထိ မောင်အောင်ထွန်းကို ပြန်မတွေ့ရ၍ သတိတရဖြစ်နေမိပါသည်။

မိခင်များသည် ထိုအခါက ကာကွယ်ဆေးထိုးရကောင်းမှန်း မသိကြ၊ အိမ်တိုင်ရာရောက် သွားရောက် ဟောပြောကြရသည်။ ဝက်သက်ကာကွယ်ဆေးလည်း မပေါ်သေး။ ဝက်သက်ပေါက်ပြီး ဝက်သက်ဝမ်းသွား၍ အာဟာရပြတ်ကာ ဆေးရုံသို့ ကလေးပေါင်းမြောက်မြားစွာ ရောက်ခဲ့ကြရသည်။ အိမ်များသို့ ဆရာမများ သွားရောက်ကြသည့်အခါ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေးမထိုးဘဲ မိခင်များ ထွက်ပြေးနေကြ၍ ကလေးများ ကြက်ညှာချောင်းဆိုးရောဂါဝေဒနာ ခံစားကြရရာ တစ်ခါဖြစ်လျှင် သုံးလမျှကြာပြီး အစာမဝင်တော့ဘဲ အာဟာရပြတ်ရပြန်သည်။

ယခုအခါတွင်ကား မိခင်တို့သည် ကလေးများအတွက် ကာကွယ်ဆေးများကို ကျန်းမာရေးဌာနတွင် မိမိတို့ဘာသာ အသိစိတ်ဓာတ်ရှိရှိဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်ထိုးကြပေပြီ၊ ဝက်သက်ကာကွယ်ဆေးကိုလည်း လိုလိုချင်ချင်ဖြင့် လာရောက်ထိုးကြပေပြီ။

ထိုကဲ့သို့ ကာကွယ်ဆေးများကို လိုလိုချင်ချင်ဖြင့် လာရောက်ထိုးကြသည်မှာ ဝမ်းသာစရာပင်၊ မိခင်တို့သည် ယခုအခါ သားဆက်ခြားနည်း၊ ခုခံအားကျဆင်းရောဂါ စသည်တို့အကြောင်းကိုလည်း နားလည်နေကြသည်။ ကျန်းမာရေးဌာနတစ်ခုတည်းမဟုတ်ဘဲ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် အခြားစေတနာ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးများကပါ ပါဝင်ပြီး စနစ်တကျ နို့ချိုတိုက်ကျွေးနည်း၊ ဝင်ငွေတိုးပွားနည်း စသည့် အကူအညီများနှင့် ကျန်းမာရေးပညာဗဟုသုတများကို ပေးကြ၍ သားကောင်းသမီးငယ်တို့ ကျန်းမာဝဖြိုးလာလေပြီ။

တစ်ချိန်က အာဟာရယူနစ်များအစား ယခုအခါ အိမ်တိုင်းအာဟာရယူနစ်များဖြစ်ကြရတော့မည်။ မိခင်တိုင်း ကျန်းမာရေးနှင့် အာဟာရ ပညာပေးများလည်း ဖြစ်လာကြလျှင် မိသားစုကျန်းမာရေးအတွက် အားတက်ဖွယ်ရာဖြစ်ပါသည်။ ဤသို့ဖြင့် အနာဂတ်၏မျိုးဆက်သစ် ကြယ်ပွင့်များသည် မိုးလုံးပြည့်တောက်ပကြတော့မည်ဟု ယုံကြည်မိပါသည်။

ဤသို့ ကျန်းမာရေးခေတ်ကောင်းသို့ဝင်စအချိန်၌ မောင်အောင်ဝင်းတို့၊ မောင်အေးမင်းပါတို့၊ မောင်အောင်ထွန်းတို့ ဘယ်ဆီမှာ တာဝန်ကိုယ်စီထမ်းရွက်နေကြသည်မသိ။

“လာရောက်ခိုနား၊ ပြန်ကာသွားသည်၊ ခုများ ဘယ်မှာပျော်လေသီ” ဟူ၍ ဆရာသော်တာဆွေ၏ စာချိုးဖြင့် ဝမ်းမြောက်ပီတိဖြာလျက် ကြည်နူးမိပါတော့သည်။ ။

တာလေမြို့ငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာဖြန့်ဝေပေးလျက်ရှိ

တာချီလိတ် ဧပြီ ၂၀

တာချီလိတ်ခရိုင် တာလေမြို့၌ မတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေအမြန်ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များ၌သာမက ကျေးရွာများအထိပါ ပလတ်စတစ်ရေတိုင်ကီကြီးများ ထားရှိကာ ဖြန့်ဝေပေးခဲ့သည်။ ဧပြီ ၁၇ ရက်တွင် ရေပိုက်များကြွဲခိုင်မှုရှိ၊ မရှိနှင့် ရေတိုင်အသစ်များ တိုးချဲ့တပ်ဆင်ပေးနေမှုအခြေအနေများကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောင်ခမ်းတို့က လိုက်လံကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)** ငလျင်ဒဏ်ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေလုံလောက်စွာ ရရှိကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ် စာပေ လူ့မိတ်ဆွေ

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၀-၄-၂၀၁၁

အမရပူရမြို့	၂ ဒသမ ၅၂ လက်မ
ပြင်ဦးလွင်မြို့	၂ ဒသမ ၄၈ လက်မ
မန္တလေးမြို့	၂ ဒသမ ၄၈ လက်မ
ပုသိမ်ကြီးမြို့	၂ ဒသမ ၃၈ လက်မ
စစ်ကိုင်းမြို့	၂ ဒသမ ၂၄ လက်မ
တံတားဦးမြို့	၁ ဒသမ ၅၇ လက်မ

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၀

ရွှေအင်ကြင်း စာကြည့်တိုက်ဖွင့်ပွဲ ဆိပ်ဖြူမြို့နယ်၌ ကျင်းပ

ဆိပ်ဖြူမြို့နယ် ထမ္မကောက်ကျေးရွာအုပ်စု ထမ္မကောက်ကျေးရွာ၌ မတ် ၂၇ ရက်က ရွှေအင်ကြင်း စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အလှူရှင်များက စာအုပ်စာစောင်နှင့် ရေဒီယိုတစ်လုံး လှူဒါန်းပြီး စာကြည့်တိုက်အဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လပွတ္တာခရိုင် ပြင်စလူမြို့ ပြင်အလန်း ကျေးရွာအုပ်စု ကိုင်းသောင်ကျေးရွာ ရွှေသောင်ယံ စာကြည့်တိုက်အတွက် ဧပြီ ၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဝင်းက စာအုပ်စာစောင်များ လှူဒါန်းရာ ကိုင်းသောင်ကျေးရွာ ကြက်ခြေနီတပ်ဖွဲ့တပ်ခွဲမှူး ဦးငွေးအောင် လက်ခံယူစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် တွံတေးမြို့နယ်၌ ဖွင့်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း ရေကျော်ကျေးရွာအုပ်စု အပြင်ရေကျော်ကျေးရွာ ပညာရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောက်အအုံသစ် ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ဆောက်လုပ်

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာ ခြောက်လစာ၊ ဒို့ကျေးရွာစာစောင် ခြောက်လစာ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ကျေးရွာစေတနာရှင်အလှူရှင်များက သုတရသစာအုပ် ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ စာကြည့်တိုက် အမျိုးအစားမှာ (၁၄×၂၄) ပေ၊ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ပြီး နိုင်ငံတော်မှမတည်ငွေကျပ် ၁၀ သိန်းနှင့် စေတနာရှင် ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀ သိန်းကျော် စုစုပေါင်းငွေကျပ် သိန်း ၂၀ ကျော် အကုန်အကျခံဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာအလင်းစာကြည့်တိုက်အဆောက်အအုံသစ် မုဒုံမြို့နယ် တောင်ပကျေးရွာ၌ဖွင့်

မုဒုံမြို့နယ် တောင်ပကျေးရွာ ပညာအလင်း စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၄ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးနှင့် တောင်ပကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်လေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

လက်ခံယူ

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားပြီးနောက် အလှူရှင် ဦးထွန်းကြည်က ငွေကျပ်နှစ်သောင်း၊ ဦးငွေးဝင်းက ငွေကျပ်နှစ်သောင်း၊ ဦးထွန်းကျော်က ငွေကျပ်နှစ်သောင်း၊ ဦးတင့်ဇော်က ငွေကျပ်နှစ်သောင်း၊ ဦးထွန်းငြိမ်းက ငွေကျပ်နှစ်သောင်း၊ ဦးမင်းအောင်နှင့်ဇနီးတို့က ငွေကျပ်တစ်သောင်းနှင့် မိချိုဇင်သက်က ငွေကျပ်တစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အရဏ်သစ်စာကြည့်တိုက် တောင်ကြီးမြို့နယ်၌ဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ဟိုနားကျေးရွာ အရဏ်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၇ ရက်က စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် ရပ်မိရပ်ဖ ဦးဉာဏ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်မြင့်၊ STUDENTS' CHOICE စာပေနှင့် သူရိန်မင်းစာပေတို့က စာအုပ်စာစောင်များကိုလည်းကောင်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနက ၁၄ လက်မ တီဗွီတစ်လုံးနှင့် EVD တစ်လုံးကိုလည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ရန် ဌာနဆိုင်ရာများက ငွေကျပ် သုံးသိန်း၊ ဒေသခံပြည်သူများက ငွေကျပ် ၃၂၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ၌ စိန်မြရုံခြယ် စာကြည့်တိုက်ဖွင့်

ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ၌ စိန်မြရုံခြယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက်ရှေ့၌ မတ် ၂၅ ရက် နံနက် ၁၀နာရီက ကျင်းပရာ ကော့မှူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေနှင့် ငှက်အော်စမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(အောက်ပုံ)

အခမ်းအနားအပြီးတွင် အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၃၅၀၊ ပရိဘောဂနှင့် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းကြသည်။ စာကြည့်တိုက်မှာ အလျား ၂၅ ပေ၊ အနံ ၁၈ ပေ ဖြစ်ပြီး အဆောက်အအုံတန်ဖိုးမှာ ငွေကျပ် ၂၅ သိန်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

အားမာန်သစ်စာကြည့်တိုက် မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာ၌ဖွင့်

မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာ အားမာန်သစ်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို မတ် ၂၅ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာမှူး ဦးသန်းဝင်းဇိုလ်က အလှူငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (မြို့နယ် ပြန်/ဆက်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လပွတ္တာမြို့ ၃ မိုင်စခန်းမြို့သစ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်အားမာန်သင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

မုဒုံ၌ အဆင့်မြင့်လယ်ယာများဖော်ထုတ်နိုင်ရေး ကုလားတူးမြောင်းကို ပြန်လည်တူးဖော်မည်

နေပြည်တော် ဧပြီ ၂၀

လယ်မြေများကို အဆင့်မြင့်လယ်ယာ ဖော်ထုတ်၍ စနစ်တကျ စုပေါင်း ဆောင်ရွက်ရန်၊ ကုလားတူးမြောင်းကို လယ်ယာမြေများ အကျိုးပြုနိုင်ရန်၊ နယ်နိမိတ်သတ်မှတ်ပြီး ပြန်လည်တူးဖော်နိုင်ရေး စီမံချက်ရေးဆွဲကာ မိုးမကျမီ ပြီးစီးအောင်ဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်တို့ လိုက်ပါ၍ ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်စဉ် မုဒုံမြို့နယ် ဘဲရမ်းစံပြကျေးရွာ ဧက ၅၀၀ ရှိ ကွင်းအမှတ် ၈၄၂ (က)၌ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တာပသွန်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာသို့ ရောက်ရှိကြပြီး ငွေကျပ် ၂၂၇ သိန်း အကုန်အကျခံ ဆောက်လုပ်မည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ လေးခန်းတွဲ တစ်ထပ် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာနှင့် မုဒုံဘူတာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မှာကြား

ထို့နောက် မုဒုံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စေတနာထား၍ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မှုများကို စနစ်တကျမှတ်တမ်းထားရှိဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ ***ရွှေ့ဖုံးမှ***

ရှင်းလင်းဆွေးနွေး

ဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချအဖွဲ့များ၏ ဖွဲ့စည်းပုံနှင့် အင်အားအခြေအနေ၊ ရန်ပုံငွေအခြေအနေ၊ အလုပ်သမားများအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးမှု အခြေအနေများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ပုသိမ်)၌ ဂဟေဆက်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ Steel Structure သင်တန်းနှင့် အခြားသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးကာ ပုသိမ်မြို့ ထုံးဘိုရပ်ကွက်ရှိ လူမှုဖူလုံရေးအဖွဲ့ ဆေးပေးခန်း၊ တိုင်းဒေသကြီး မီးသတ်စခန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ သိုလှောင်ရုံများနှင့် ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး ထားသိုမှုအခြေအနေ၊ လပွတ္တာမြို့ ၃မိုင်စခန်း မြို့သစ်ရှိ လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးနှင့် သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး သိုလှောင်ထားရှိမှုတို့ကို စစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ပြင်စလူမြို့နယ် သဃ်န်းကြီးအုပ်စု ဇင်ရွဲလေးကျေးရွာ မုန်တိုင်းဒဏ်ခံ Cyclone Shelter၌ ဇင်ရွဲကြီး၊ ဇင်ရွဲလေး၊ ကိုးဘို၊ ဥက္ကံနှင့် ကန်ကွင်းကျေးရွာလူထုနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးတို့ကို ရင်းရင်းနှီးနှီးဆွေးနွေးပြီး ကျေးရွာလူထုအတွက် ပန်းပေါင်းစုံ ဗုဒ္ဓဆင်းတုတော်များ၊ အရေးပေါ် အခြေအနေတွင် အသုံးပြုရန် ဆိုလာမီးအိမ်များ၊ ကျောင်းသုံး ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

သဃ်န်းကြီး (နလင်ကျော်ချောင်းဝ)ရွာရှိ မုန်တိုင်းဒဏ်ခံ Cyclone Shelter၌ သဃ်န်းကြီး၊ နလင်ကျော်၊ နလင်ကျော်ရွာမ၊ ဂုံညင်းတန်း၊ ဒူးကုတ်၊ ကုန်းကြီး၊ ဝါးကုန်းကျေးရွာများမှ ဒေသခံများနှင့်လည်း တွေ့ဆုံကာ ဧပြီ ၁၉ ရက်နံနက်ပိုင်းတွင် လပွတ္တာမြို့ မီးသတ်တပ်ဖွဲ့စခန်းကို စစ်ဆေးသည်။

ဆက်လက်၍ နာဂစ်မုန်တိုင်းဒဏ်ကြောင့် မိဘမဲ့သွားကြသော ကလေးသူငယ်များအား နိုင်ငံတော်အစိုးရက တာဝန်ယူစောင့်ရှောက်ပေးကာ ကျောင်းပညာသင်ကြားပေးခြင်း၊ အရွယ်ရောက်သူများအား မိမိတို့ဝါသနာပါရာ လုပ်ငန်းခွင်သင်တန်းများသို့ စေလွှတ်သင်ကြားစေခြင်းတို့ဖြင့် မိဘမဲ့ကလေးများ၏ အနာဂတ် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည့် လပွတ္တာမြို့ ၃ မိုင်စခန်းမြို့သစ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်အားမာန်သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ သင်တန်းကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

လပွတ္တာမြို့ မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၌လည်း အလုပ်သမားများနှင့် တွေ့ဆုံ၍ သက်သာချောင်ချိရေးကိစ္စရပ်များကို ဆွေးနွေးဖြည့်ဆည်းပေးသည်။

စီမံဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာ သာသနာ့ဗေယျာကျောင်းတိုက် ပရဟိတကျောင်း၌ ဆရာတော် ဦးကဥ္စန စောင့်ရှောက်ပေးထားသော ကလေးသူငယ် ၄၀ တို့အား တွေ့ဆုံအားပေးပြီး စားစရိတ် အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ကျေးရွာ၏တင်ပြချက်အရ မီးဘေးလုံခြုံရေးအတွက် အပေါ့စား မီးသတ်စက်တစ်လုံး ထောက်ပံ့ပေးရန် စီမံဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိပြီး နိုင်ငံတော်အစိုးရက အခမဲ့တည်ဆောက်ပေးခဲ့သည့် တန်ဖိုးနည်းအိမ်ရာ အလုံး ၃၀ ကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာလူထုထံ အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံး၊ လူမှုဖူလုံရေးဆေးပေးခန်းနှင့် ကုန်တင်ကုန်ချကော်မတီမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီးသည် မအူပင်မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိရေးနှင့် စွမ်းအားပြည့် မီးငြိမ်းသတ်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆေးရုံရှေ့၌ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးသည့် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း) စက်မှုဇုန်၌ စွန့်ပစ်ပလတ်စတစ်မှ ပလတ်စတစ် သစ်သားအချောထည် ထုတ်လုပ်

ရန်ကုန် ဧပြီ ၂၀

သွားလာမှုလွယ်ကူစေရန်နှင့် လမ်းများကောင်းမွန်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်လမ်းသို့ ဆက်သွယ်ထားသည့် အကျယ် ၄၄ ပေ၊ အရှည် ပေ ၁၅၉၅၀ ရှိ ရတနာလမ်းအား စက်ယန္တရားများဖြင့် ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြင့်ဆောင်ရွက်နေမှုများကို ရန်ကုန်မြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန် သမာဓိ (၁)လမ်းရှိ Wood Plastics စက်ရုံသို့ရောက်ရှိရာ တာဝန်ရှိသူက စွန့်ပစ်ပလတ်စတစ်များမှ လျှာထိုးသစ်ကဲ့သို့ ပလတ်စတစ်သစ်သား အချောထည်အဖြစ် ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်သည် သာကေတမြို့နယ် ဇရာဝဏ်အဝိုင်းဘက်မှ ကမာကြည်တံတားအထိ ဒု ၁ ပေ၊ အကျယ် ၄၈ ပေနှင့် အရှည်ပေ ၁၄၀၀ ရှိ ကမာကြည်လမ်းအား အသင့်ဖျော်စပ်ပြီး ကွန်ကရစ်သယ်ယာဉ်များဖြင့် လမ်းခင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းအမြန်အသုံးပြုနိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဗုဒ္ဓစွမ်းအားဉာဏ်ဆယ်ပါး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၀)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၈)
၈:၄၅	Sai Sai Birthday Show (Part-3)
၉:၄၅	Science For All ၂၀၁၂ မှာ ကမ္ဘာပျက်မည်လော (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀:၀၅	နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဧကန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အားမာန်
၁၀:၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁:၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အလန်းဇယား**
၁၁:၃၀	Activities in the City (ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနား)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	M Sai ၏ မင်းအနားမှာ တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား
၁၂:၂၅	ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၁၂:၄၅	မြတ်နိဗ္ဗာန်သို့မျှော်ရည်မှန်း၍…
၁:၀၀	**ဗုဒ္ဓစွမ်းအားဉာဏ်ဆယ်ပါး** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၀)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၈)
၅:၁၅	အစွမ်းထက်တာ အမှန်ပင် ဆေးမှာဘုရင် မိခင်
၅:၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (လင်းလက်ဟိန်း)
၅:၅၀	ရန်ကုန်မြင်ကွင်းကျယ် (အမေရိကန်ပညာရေးဝန်ဆောင်မှု မိတ်ဆက်ပွဲ)
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၁)
၇:၁၀	Sai Sai Birthday Show (Part-4)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **စကားနိုင်လုတာကောင်းတယ်၊ စကားနိုင်မလုတာကောင်းတယ်**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၃၉)
၁၀:၁၅	အားကစားမြင်ကွင်းစုံ
၁၀:၄၀	ကြည်လင်သောရေ၏လှို့ဝှက်ချက်
၁၀:၅၅	မြင်သုံးမြင်မှ ထူးခြားရှေးဟောင်းလက်ရာပစ္စည်းများ
၁၁:၀၅	အနုပညာမိုးကောင်းကင်
၁၁:၂၅	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာ လှကြည်)
၁၁:၃၅	Shooting Location (မစန္ဒာအိမ်)
၁၁:၅၅	အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၁၂:၀၀	စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
၁၂:၃၅	သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
၁:၀၅	နယ်ဥဆန်းထွင်ပန်းအလှဆင် (Diamond ပုံ ပန်းအိုးထိုးနည်း)
၁:၄၀	ရဲယိုနှင့် ကျွန်းမာရေး
၁:၅၀	ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတားဆွယ်တာလုပ်ငန်း
၂:၁၀	**ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၂:၂၀	**ဘဝများ** (ဝဏ္ဏခွာနီး)
၂:၅၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာ လန်းဖြာဖြာ)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၁၅	သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
၄:၃၅	နိဗ္ဗာန်ကိုရည်သန်… ဖူးကြမည်ဧကန် မြတ်စေတီကျိုက်သလ္လံ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● *ရှေ့ဖုံးမှ*

အဆင်သင့်ဖြစ်နေမှုနှင့် အလယ်ကျွန်းတွင် သံပေါင်များတပ်ဆင်နေမှုစသည်တို့ကို သတင်းဓာတ်ပုံများရိုက်ကူး၍ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ထို့နောက် ချဉ်းကပ်တံတား (ကားလမ်း)နှင့် ချဉ်းကပ်တံတား (ရထားလမ်း)များ တည်ဆောက်ပြီး၍ ပင်မတံတားတိုင် အမှတ်(၁)မှ (၁၆) အထိ သံပေါင်ကြီးများ တပ်ဆင်နေပြီဖြစ်သည့် ဧရာဝတီမြစ်ကြီး၏ တစ်ဖက်ကမ်းရှိ လက်ပန်ခြေပေါ် တံတားတည်ဆောက်စခန်းသို့ သွားရန် ၂၄-၂-၂၀၁၁ ရက်နေ့တွင် ပခုက္ကူဘက် ဇက်ဆိပ်သို့ ဆင်းခဲ့ကြပါသည်။

ဆုတောင်းနေ

ပထမဇက်ရေယာဉ် ထွက်သွားသည်ကို မမီလိုက်၍ စောင့်နေရာ တစ်နာရီခန့်ရှိမှ ဇက်တစ်စင်း ဆိုက်လာသည်။ သို့သော် ယင်းဇက်က မထွက်တော့ဟုဆို၍ နောက်ထပ်ဇက်တစ်စင်းအလာကို ထပ်စောင့်ရပြန်သည်။ ဤလမ်းနှင့် ဤခရီးသည် ဤသို့ ဒုက္ခနှင့်ကြုံရသည်မှာ အခါခါဖြစ်သည်ဟု ဒေသခံတို့က ပြောကြသည်။ ဧရာဝတီတံတား (ပခုက္ကူ) တံတားကြီးပြီးလျှင်တော့ ဤဒုက္ခမျိုး ကြုံရတော့မည်မဟုတ်ဟုဆိုပြီး တံတားကြီးမြန်မြန်ပြီးရန်သာ ဆုတောင်းနေကြသည်ဆို၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် နောက်ဆိုက်လာသော ဇက်ရေယာဉ်ကျမှ လက်ပန်ခြေပေါ်ဘက်ကမ်းသို့ နေပူကျဲကျဲထဲမှ ချွေးရွှဲရွှဲဖြင့် ကူးခဲ့ကြရပြန်သည်။

ဆောင်ရွက်

မကြာမီ လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ဇက်ရေယာဉ်ဆိုက်ပြီဖြစ်၍ ဇက်ပေါ်တင်လာသော ကားကို စက်နှိုးပြီး မောင်းဆင်းခဲ့သည်။ လက်ပန်ခြေပေါ်ဘက်ကမ်း၏ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်မှုအရှိန်အဟုန်မှာ အံ့သြလောက်အောင် မြင်တွေ့ရသည်။ မနှစ်က ဒီဇင်ဘာလတွင် ကျွန်တော် ရောက်ခဲ့စဉ်က တံတားပင်မတိုင် အမှတ်(၁)ကို တူးဆဲသာဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ ပြန်ရောက်ချိန်တွင် ၇၂၈ ပေရှည်သည့် ချဉ်းကပ်တံတား ကားလမ်းအား GIRDER တင်ခြင်းကို ၁၀ ခန်း ရှိသည့်အနက် ၁၀ ခန်းလုံး ဆောင်ရွက်ပြီးဖြစ်သလို ကြမ်းခင်းကွန်ကရစ်လောင်းခြင်းမှာလည်း ၁၀ ခန်းစလုံး ပြီးသွားပြီဖြစ်သည်။ အလျား ၃၇၄၆ ပေရှိသည့် ချဉ်းကပ်တံတား (ရထားလမ်း)မှာလည်း GIRDER တင်ခြင်းလုပ်ငန်းကို ၄၅ ခန်းရှိသည့် အနက် ၃၆ ခန်း ပြီးနေပြီး ဆောင်ရွက်ရန် ကိုးခန်းသာကျန်တော့သည်။ ကြမ်းခင်းကွန်ကရစ်လောင်းခြင်းမှာလည်း ၄၅ ခန်း ရှိသည့်အနက် ၃၅ ခန်းပြီးပြီဖြစ်၍ ၁၀ ခန်းသာကျန်တော့သည်။ ပင်မတံတား တည်ဆောက်ရေးလုပ်ငန်းတွင် လက်ပန်ခြေပေါ်ဘက်ကမ်း အမှတ် (၁)တိုင်မှ အမှတ် (၁၆)တိုင်အထိ BORED PILE တူးခြင်းလုပ်ငန်း၊ PILECAP တည်ဆောက်ခြင်းလုပ်ငန်း၊ PIER SHAFT တည်ဆောက်ခြင်းလုပ်ငန်းနှင့် PIER TOP BEAM တည်ဆောက်ခြင်း လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးဖြစ်၍ သံပေါင်တင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းမှ ချဉ်းကပ်တံတား (ကားလမ်း)နှင့် ချဉ်းကပ်တံတား(ရထားလမ်း)တို့အား ကွန်ကရစ်ကြမ်းခင်း အပြီးသတ်လောင်းနေကြစဉ်။

တွေ့ဆုံ

ကျွန်တော်တို့သည် ပင်မတံတားကြီး သံပေါင်များ တပ်ဆင်နေပုံနှင့် ချဉ်းကပ်တံတား (ကားလမ်း)နှင့် ရထားလမ်း ကြမ်းခင်းကွန်ကရစ်လောင်းနေပုံများကို စီမံကိန်းအင်ဂျင်နီယာမှူးကြီး၏ စီစဉ်ပေးသော ကရိန်းဖြင့် အမြင့်သို့လိုက်ပါ၍ သတင်းဆောင်းပါးဓာတ်ပုံများ ရိုက်ကူးကြပြီးနောက် တံတားကြီးတည်ဆောက်နေမှုနှင့် ပတ်သက်၍ သိလိုသောအချက်များကို အထူးစီမံကိန်းကြီး တည်ဆောက်ရေးအထူးအဖွဲ့(၃)မှ လက်ပန်ခြေပေါ်ဘက်ကမ်း စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြီးကြပ်ကွပ်ကဲ

ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေး လုပ်ငန်းတွင် အင်ဂျင်နီယာချုပ် (တံတား)တစ်ဦး၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)တစ်ဦး၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး တစ်ဦး၊ အင်ဂျင်နီယာမှူးနှစ်ဦး၊ လက်ထောက် အင်ဂျင်နီယာနှင့် အငယ်တန်းအင်ဂျင်နီယာ ၆၁ ဦး၊ ရုံးအဖွဲ့ ၁၂ ဦးနှင့် ပညာသင်ဝန်ထမ်း ၂၁ ဦး စုစုပေါင်း ၁၀၀၊ နေ့စားဝန်ထမ်း ၅၂၇ ဦး၊ ကျွမ်းကျင်လုပ်သား ၄၇၀၊ ရိုးရိုးလုပ်သား ၁၄၅၀ စုစုပေါင်းလုပ်သားအင်အား ၂၄၄၇ ဦးနှင့် ကွန်ကရစ်လုပ်ငန်း၊ သံချည်သံကွေးလုပ်ငန်း၊ လက်သမားလုပ်ငန်းနှင့် ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း၊ လုပ်ငန်းအတွက် အထွေထွေလုပ်သား ၄၀၀ တို့ နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးကြီးတို့က ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၃၄၃၁ ပေရှိ

ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာနှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမည့် ဧရာဝတီတံတား(ပခုက္ကူ)သည် ပင်မတံတားအရှည် ၁၃၄၃၁ ပေရှိပြီး မိုင်အားဖြင့် ၂ ဒသမ ၁၆ မိုင်ရှည်သောတံတားဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းတို့ ပါရှိမည့် သံကူကွန်ကရစ် သံမဏိ သံပေါင်တံတားကြီးဖြစ်သည်။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်း၌ တံတားသံပေါင်တည်ဆောက်ခြင်းလုပ်ငန်းအား မီးဆလိုက်များဖြင့် ညဘက်တွင်ပါ လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ဖြန့်ကြက်တည်ရှိ

အဆိုပါတံတားကြီးပြီးစီးလျှင် ကချင်ပြည်နယ် ဗန်းမော်၊ ရှမ်းပြည်နယ် ကျိုင်းတုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တို့ကို လည်းကောင်း၊ မင်းဘူး-အမ်းလမ်း ဖြတ်ပြီး ရခိုင်ပြည်နယ် ကျောက်တော်နှင့် စစ်တွေမြို့ အထိ ကားလမ်းနှင့် ရထားလမ်းများ လွှမ်းခြုံချိတ်ဆက်မိသွားမည်ဖြစ်သည်။ ဧရာဝတီအနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုသိမ်-မုံရွာလမ်းမှတစ်ဆင့် ကလေးအထိနှင့် အရှေ့ဘက်လားသော် လားရှိုးမှ ကြယ်ခေါင်သို့ လည်းကောင်း ပြည်ထောင်စု လမ်းမကြီးအသွင် ဖြန့်ကြက် တည်ရှိလာတော့မည်ဖြစ်သည်။

ထို့အပြင် ဧရာဝတီတံတား (ပခုက္ကူ)သည် နောင်တစ်ချိန်တွင် ဖြစ်ပေါ်လာမည့် မြဝတီမြို့မှ ပုဂံမြို့သို့ဖြတ်ကာ တမူးမြို့သို့ ဆက်သွယ်ရန် ညှိနှိုင်းထားသော အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးပေါ်တွင် အချက်အချာကျ နေရာယူမည့် တံတားကြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် ကားရော ရထားပါ ဖြတ်သန်းနိုင်သည့် တံတားများအနက် အထင်ရှားဆုံးနှင့် အရှည်လျားဆုံး သမိုင်းမှတ်တမ်းဝင် တံတားကြီးအဖြစ် တည်ရှိနေတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်း၌ ပင်မရေလယ်တံတားတိုင်များ အမှတ်(၁)မှ (၁၆)အထိ တည်ဆောက်ပြီးစီးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။



အထက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၂၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၀

ကရင်ပြည်နယ် ဝေါလေမြို့နယ်ခွဲနေ ဦးကြည်သန်းသည် အဖော်တစ်ဦးနှင့်အတူ ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် သစ်ခုတ်ရန်ထွက်လာစဉ် မြို့၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ခြေထောက်နှစ်ဖက်လုံးတွင် ဒူးအောက်မှပြတ်ဒဏ်ရာ ရရှိခဲ့သဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဤသို့ မြို့နေပြည်သူများ ခရီးသွားလာရေးအတွက် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနေသော ယာဉ်လိုင်းကားများအနက် မထသယာဉ်လိုင်း (ရုံးချုပ်)ရှိရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာစူးစမ်းမေးမြန်းခဲ့သည်။

မထသ(ရုံးချုပ်)တွင် ကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဇော်နှင့် တွေ့ဆုံခွင့် ရခဲ့သည်။ အတွင်းရေးမှူးက ''ကျွန်တော်တို့ မထသ (ရုံးချုပ်)အနေနဲ့ စီမံရေးရာဌာန၊ ပို့ဆောင်ရေးဌာန၊ စာရင်းဘဏ္ဍာဌာန၊ ထောက်ပံ့ဖြည့်တင်းရေး ဌာနကြီးလေးခုနဲ့ ခရီးသည်တွေ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် နေ့စဉ် စီမံဆောင်ရွက်ပေးနေပါတယ်။ ရုံးချုပ်ရဲ့ စီမံမှုအောက်မှာ ဌာနခွဲကြီး ကိုးခုရှိပါတယ်။ အဲဒီဌာနခွဲတွေက မော်တော်ယာဉ် (လိုင်းကား)များ နေ့စဉ်ထွက်ရှိနိုင်ရေးအတွက် အနီးကပ်ဆောင်ရွက်ပေးနေကြပါတယ်''ဟု ဦးစွာရှင်းပြပေးသည်။

'' လိုင်းကားအစီးရေ နေ့စဉ် ၁၉၀၀ခန့်နဲ့ ပြေးဆွဲပေးနေပါတယ် ''

ဦးတင်မောင်ဇော်
အတွင်းရေးမှူး
(မထသ)။

ဖွင့်လှစ်ထား

မထသ(ရုံးချုပ်)အောက်၌ မရမ်းကုန်းမြို့နယ် (ရှစ်မိုင်လမ်းဆုံ)တွင် ဌာနခွဲ (၁)၊ ကြည့်မြင်တိုင်မြို့နယ် (အထက်ကြည့်မြင်တိုင်လမ်းမ)တွင် ဌာနခွဲ(၂)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)(ပင်လုံလမ်း)တွင် ဌာနခွဲ(၃)၊ ကျောက်တံတားမြို့နယ် (၃၆လမ်းအထက်)တွင် ဌာနခွဲ(၄)၊ တောင်ဥက္ကလာပမြို့နယ် (သံသုမာလမ်း)တွင် ဌာနခွဲ(၅)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (သိမ်ဖြူလမ်း)တွင် ဌာနခွဲ(၆)၊ မြောက်ဥက္ကလာပမြို့နယ် (ရွှေပေါက်ကံမြို့သစ်၊ ပုဂံလမ်း)တွင် ဌာနခွဲ(၇)၊ ဗိုလ်တထောင်မြို့နယ် (သိမ်ဖြူလမ်း)တွင် ဌာနခွဲ(၈)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)(ပုဂံလမ်း)တွင် ဌာနခွဲ(၉)အဖြစ် ဖွင့်လှစ်ထားကြောင်း သိရသည်။

ဖြည့်စွက်ရှင်းပြ

အတွင်းရေးမှူးက ဆက်လက်၍ ''ယာဉ်လိုင်းအားဖြင့် လိုင်းပေါင်း ၁၄၀ ရှိပါတယ်။ စာရင်းဝင်ကားအစီးရေက ၂၅၃၀ ရှိပေမယ့် စည်းကမ်းထိန်းသိမ်းမှုနဲ့ ယာဉ်ကြံ့ခိုင်မှုအပိုင်းအရ နေ့စဉ် ယာဉ်အစီးရေ ၁၉၀၀ ခန့်နဲ့ ပြေးဆွဲပေးနေပါတယ်''ဟု ဖြည့်စွက်ရှင်းပြသည်။

မထသယာဉ်များ စည်းကမ်းနှင့်အညီ ဖြစ်စေရေးအတွက် ဌာနခွဲမှူးနှင့် ကြီးကြပ်ရေးမှူးများက ဤသို့ နေ့စဉ်ကြီးကြပ်ပေးလျက်ရှိသည်။

ယာဉ်လိုင်း ၁၄၀ တွင် အထူးယာဉ်၊ ရိုးရိုးယာဉ်၊ မီနီဘတ်(စ်)၊ စစ်ကျန် ဘတ်(စ်)၊ BM ဟီးနိုး၊ KM ဟီးနိုး၊ ကားလတ် (Light Truck)၊ ဟိုင်းလတ်ယာဉ်တို့ဖြင့် မြို့တွင်းမြို့ပြင်ခရီးစဉ်များကို နံနက် ၅ နာရီမှ စတင် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ထပ်မံ၍ အတွင်းရေးမှူး ဦးတင်မောင်ဇော်က ''နေ့စဉ် နံနက်ပိုင်းမှာ ယာဉ်တစ်စီး လိုင်းစတင်ထွက်တော့မယ်ဆိုတာနဲ့ ယာဉ်မှာရှိရမယ့် သတ်မှတ်ချက်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ရဲ့ ကျင့်ဝတ်စည်းကမ်းကို ဂိတ်ရင်းမှာရှိတဲ့ ကြီးကြပ်ရေးမှူး၊ ဂိတ်မှူးတို့က စစ်ဆေးပြီးမှ လိုင်းထွက်ခွင့်ပြုခဲ့ပါတယ်။ လမ်းတစ်လျှောက် အချိန်ထိန်းရုံးများမှာလည်း အချိန်မှတ် လက်မှတ်ထိုးစနစ်နဲ့ ထိန်းထားပြီး ဂိတ်များမှာလည်း ဂိတ်မှူး၊ ကြီးကြပ်ရေးမှူးတို့က ကားဝင်ထွက်မှုကို မှတ်တမ်းတင်ကြရပါတယ်။''

ရှင်းပြ

ဆက်လက်၍ ''ဒါ့အပြင် လမ်းကြောင်းတစ်လျှောက် လိုင်းအလိုက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက လိုက်လံစစ်ဆေးပြီး စည်းကမ်းမလိုက်နာတဲ့ယာဉ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကို အရေးယူအပြစ်ပေးနိုင်ရေးအတွက် ဌာနခွဲမှတစ်ဆင့် ရုံးချုပ်ကို တင်ပြအစီရင်ခံမှုတွေ ပြုလုပ်ရပါတယ်။ စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ကို ယာဉ်စည်းကမ်းထိန်းသိမ်းရေးပြစ်မှုနှင့် ပြစ်ဒဏ်သတ်မှတ်ချက်နဲ့အညီ အရေးယူအပြစ်ပေးမှုများနဲ့ စည်းကမ်းကို ထိန်းသိမ်းထားပါတယ်''ဟု ဆောင်ရွက်မှုတို့ကို ရှင်းပြသည်။

ထို့အပြင် ရုံးချုပ်အနေဖြင့် စည်းကမ်းဖောက်ဖျက်သူအား အပြစ်ပေးအရေးယူခြင်း သက်သက်သာမဟုတ် ချီးမြှင့်ထိုက်သူကိုလည်း ချီးမြှင့်ထောက်ပံ့လျက်ရှိရာ စည်းကမ်းနဲ့ညီညွတ်သော ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား တစ်နှစ်တစ်ကြိမ် လုပ်အားယှဉ်ပြိုင်ဆုများဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်းကိုလည်း မေးမြန်းသိရှိခွင့်ရခဲ့သည်။

ခရီးသည်များအနေဖြင့် ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ကြောင်းကိုလည်းပြောပြပေးသည်။ ''ခရီးသွားပြည်သူတွေအနေနဲ့ ယာဉ်မောင်းကိုဖြစ်စေ၊ ယာဉ်နောက်လိုက်ကိုဖြစ်စေ ကျေနပ်မှုမရှိပါက ဌာနခွဲမှာဖြစ်စေ၊ ရုံးချုပ်မှာဖြစ်စေ တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားတဲ့အခါ ယာဉ်လိုင်းအမှတ်၊ ယာဉ်အမှတ်၊ ရက်စွဲ၊ အချိန်၊ စီးနင်းတဲ့ခရီးစဉ်၊ ဖြစ်စဉ်အကျဉ်း၊ တိုင်ကြားသူအမည်၊ နေရပ်လိပ်စာ အပြည့်အစုံပါရပါမယ်။ တိုင်ကြားမှုမှန်ကန်ပါက အရေးယူဆောင်ရွက်ပေးသွားမှာပါ''ဟု ရှင်းပြပေးသည်။

ထို့နောက် ခရီးသည်အများအပြားစုဝေးတတ်သည့် ဆူးလေကားပါကင်မှတ်တိုင်၊ ဘိုကလေးဈေးမှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင်တို့တွင် ဌာနခွဲမှူး၊ ကြီးကြပ်ရေးမှူးများ စုပေါင်း၍ စည်းကမ်းထိန်းသိမ်းမှု၊ ယာဉ်ကြောရှင်းမှုများဆောင်ရွက်နေသည်ကို လိုက်လံလေ့လာခွင့်ရခဲ့သည်။

မဟာဗန္ဓုလလမ်း ပန်းဆိုးတန်းမှတ်တိုင်တွင် တာဝန်ကျနေသော ဌာနခွဲ (၉)မှ ဌာနခွဲမှူး ဦးခင်မောင်စိုးက ''အခုလို ညနေပိုင်း ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်၊ ပြည်သူတွေ အိမ်ပြန်ချိန်မှာ အဆင်ပြေစွာ လိုင်းကားပေါ်ရောက်ရှိရေးကို ရုံးချုပ်ရဲ့ စီစဉ်မှုနဲ့ ဌာနခွဲမှူး တစ်ဦး၊ ကြီးကြပ်ရေးမှူး ၁၀ဦးတို့က ညနေ ၃ နာရီမှ ညနေ ၆နာရီအထိ လူစည်ကားတဲ့မှတ်တိုင်တွေမှာ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် လိုင်းကားများကြောင့် ယာဉ်ကြော မပိတ်ဆို့ရေးကိုလည်း တစ်ဆက်တည်း ဆောင်ရွက်ပေးပါတယ်''ဟု ပြောပြပေးပါသည်။

မထသ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လိုင်းကားများ တစ်စီးဝင်၊ တစ်စီးထွက် မောင်းနှင်ကာ ခရီးသည်များကို လိုရာခရီးသို့ သယ်ဆောင်ထွက်ခွာသွားကြသည်။ ဤသို့ဖြင့် လမ်းကြောရှင်းလင်းနေသော မထသအဖွဲ့ဝင်များအား စာရေးသူ ကြည့်ရင်း ခရီးသည်များအတွက် စိတ်ချမ်းမြေ့မှုရရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ(မထသ)၏ ဆောင်ရွက်မှုများကား စနစ်ကျအားရဖွယ်ရှိလှပေစွ....။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာမဟာသင်္ကြန် ဆုရယိမ်းအဖွဲ့များအား အင်းစိန်မြို့နယ်၌ ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးရုံးက ကြီးမှူးကျင်းပသော ၁၃၇၂ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ရွှေရည်နံ့သာ ဗဟိုရေကစား ဆုပေးမဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေ ၅ နာရီက အဆိုပါဆုပေးမဏ္ဍပ်၌ ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ယိမ်းပြိုင်ပွဲများ၌ တတိယဆုရရှိသော လှိုင်သာယာယိမ်းအဖွဲ့အား အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက ဆုတံဆိပ်နှင့် ငွေသားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ပန်းမြသုန္ဒရီ ယိမ်းအဖွဲ့အား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ငွေသားနှင့် ဆုတံဆိပ်ကိုလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုနှင့် ပထမဆုဆွတ်ခူးသွားသော ယမင်းရွှေစင်ယိမ်းအဖွဲ့အား ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ဆုတံဆိပ်နှင့်ငွေသားကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၁-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၃ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၄၀ ၇။ မြန်မာ့ရှုခင်း
၇:၄၅ ၈။ မြန်မာသံစဉ် ချိုနှားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
၈:၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၅ ၃။ နိုင်ငံတော်သီချင်း
၄:၁၀ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၅ ၇။ ဗွီစီဒီကျော်ကြားတေး
၄:၄၅ ၈။ မွေးမြူသုတ
၄:၅၀ ၉။ မြန်မာသံစဉ်ချိုနှားဝင်
၄:၅၅ ၁၀။ ရန်သူမီး
၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
မာယာနှုတ်ခမ်း (အပိုင်း-၅၈)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၆။ ကာတွန်းအစီအစဉ်
ကြယ်တာရာမင်းသားလေး
(အပိုင်း-၁၅)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ရတနာ့စံအိမ် (အပိုင်း-၁၃)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက် (၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ အနုပညာရှင်၏တစ်နေ့တာ
၂၄။ ကုန်သွယ်သုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ထာဝရချစ်သူ (အပိုင်း-၅)
၂၇။ ဂီတရင်ခုန်သံ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ကနီမြို့နယ်၌ ကနဲ-မိုးကောင်း-ဝင်မနားလမ်း ကျောက်ရောဂျင်းမြေခင်းခြင်းလုပ်ငန်းကို မတ် ၃၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ဖျာပုံမြို့မဈေးကြီးအတွင်းရှိ ရေလှောင်ကန်တည်ဆောက်မှုကို မတ် ၁၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၆၆)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်များအတွင်း ရေပိုက်လိုင်းများ တပ်ဆင်သွယ်တန်းနေမှုကို ဧပြီ ၅ ရက်က အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့နယ် အောင်ပန်းမြို့ နန်းအွန်တိုးချဲ့ရေပေးရေးလုပ်ငန်းမှ ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုကို ဧပြီ ၁၁ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)



ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က လိုက်ကမ်ကျေးရွာအုပ်စု ဆိုင်းမွန်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို မတ် ၄ ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

ကမ္ဘာကျော်အဆိုတော် ပရက်စလေ၊ သူ၏ပြတိုက်နှင့် သူ၏ပရိသတ်

လန်ဒန် ဧပြီ ၂၀

ကမ္ဘာကျော်အဆိုတော် အဲလ်ဗစ် ပရက်စလေ ကွယ်လွန်ခဲ့သည်မှာ နှစ်ကာလ ကြာညောင်းခဲ့ပြီဖြစ်သော်လည်း သူ၏တေးဂီတနှင့် သီချင်းများကား သူ့ပရိသတ်များအကြား ရေပန်းစားနေဆဲဖြစ်သည်။



ကမ္ဘာကျော် အဆိုတော် အဲလ်ဗစ်ပရက်စလေ။

ပရက်စလေ၏ သီဆိုဟန်အမူအရာနှင့် ဂီတများကလည်း ကမ္ဘာတစ်ဝန်းလုံးက ဂီတပရိသတ်များကို မမေ့နိုင်လောက်အောင်ဆွဲဆောင်နေဆဲပင်ဖြစ်သည်။ ထို့ကြောင့်လည်းအမေရိကန်နိုင်ငံတွင် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်များတွင် အဲလ်ဗစ်ပရက်စလေ၏ ပြန်လည်သီဆိုသည့် တေးအယ်လ်ဘမ်များက ထိပ်ဆုံးစာရင်းတွင် ပါဝင်နေခဲ့သည်။ သူသည် ၂၀ ရာစု၏ အကျော်ကြားဆုံး အဆိုတော်ဖြစ်သည်။ သူသည် Rock and Roll Pop နှင့် R & B သီချင်းများကိုလည်း သီဆိုခဲ့သည်။

ကွယ်လွန်

ပရက်စလေကို ၁၉၃၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် အမေရိကန်နိုင်ငံ မစ္စစ္စပီပြည်နယ် တူပီလိုမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

နာမည်ကျော်ကြား လူကြိုက်များခဲ့သည့် အဆိုတော် ပရက်စလေသည် ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံး အဆိုတော် ဖြစ်ခဲ့သည့်အလျောက် သုံးထပ်ကွမ်း ဂရမ်မီဆုရှင်လည်း ဖြစ်ခဲ့သည်။ သူသည် ၁၉၆၇ ခုနှစ်တွင် How Great Thru Art အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု၊ ၁၉၇၂ ခုနှစ်တွင် He Touched me အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု ဆွတ်ခူးခဲ့သည်။ သူသည် ၁၉၇၄ ခုနှစ်တွင်လည်း How Great အယ်လ်ဘမ်ဖြင့် ဂရမ်မီဆု ဆွတ်ခူးခဲ့သည်။ ၁၉၈၆ ခုနှစ်မှာတော့ အမေရိကန်၏ အထူးတေးဂီတဆုကို ချီးမြှင့်ခံရသည်။

ဖွင့်လှစ်

ယခုမူ တစ်ချိန်က သူ၏ဂီတသံများ လွှမ်းခြုံရာ မြို့တစ်မြို့ဖြစ်သည့် ဒိန်းမတ်နိုင်ငံ ဂရေ့စ်လန်းရန်းဒါးစ်မြို့ကြီး၌ ပရက်စလေ ဂီတပြတိုက်ကြီးကို ဧပြီ ၁၅ ရက်က ခမ်းနားထည်ဝါစွာဖြင့် ဖွင့်လှစ်လိုက်သည်။

မြင့်မောင်စိုး-ရေးသားသည်

ထိုဂီတပြတိုက်ကြီးတွင် အမှတ်တရ ပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်နှင့် ပြခန်းတို့ပါဝင်သည်။

ပြသ

အဆိုပါ အဲလ်ဗစ်ပရက်စလေ ပြတိုက်ကြီးတွင် သူသက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သည့် ပစ္စည်းအမျိုးပေါင်း ၆၀၀၀ ကျော် ပြသထားသည်။ ယင်းတို့တွင် ပရက်စလေ၏ ဂီတာများနှင့် အဝတ်အစားများလည်း ပါဝင်သည်။

ယင်းပြတိုက်သည် နှစ်စဉ် ဂီတပရိသတ် ၅၀၀၀၀ကျော်တို့အား ဆွဲဆောင်သွားနိုင်မည် ဖြစ်ကြောင်း ပြတိုက် တာဝန်ရှိသူများက ပြောကြားသည်။ ယင်းပြတိုက်ကို အဲလ်ဗစ်ပရက်စလေ၏ ပရိသတ်ဟောင်း ဆူဇီကွာထရီက ဖကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး လူတစ်ဦးဝင်ကြေးမှာ ၁၁ ပေါင်ဖြစ်ကြောင်း သိရသည်။

သက်သေပြ

ထို့ကြောင့် နာမည်ကျော် အဆိုတော် အဲလ်ဗစ်ပရက်စလေ ကွယ်လွန်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း သူ၏ တေးသီချင်းများက ဂီတပရိသတ်များကို ဆွဲဆောင်နေဆဲ ဖြစ်ပါကြောင်း ယခုဖွင့်လှစ်လိုက်သည့် ပြတိုက်က သက်သေပြနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ။

(ကိုးကား-အင်တာနက်)

ဒိန်းမတ်နိုင်ငံ ဂရေ့စ်လန်းရန်းဒါးစ်မြို့ကြီး၌ ပရက်စလေ ဂီတပြတိုက်ကြီးကို ဤသို့တွေ့ရသည်။

ဆယ်ကျော်သက် ပေါ့ပ်အဆိုတော် ဂျက်စတန်း အာရှ-ပစိဖိတ်နိုင်ငံများသို့ ဂီတဖျော်ဖြေခရီးထွက်မည်

တိုကျိုတို ဧပြီ ၂၀

ကနေဒါနိုင်ငံမှ ထင်ရှားကျော်ကြားသည့် ပေါ့ပ်အဆိုတော် ဂျက်စတန်းဘီဘာသည် အာရှ-ပစိဖိတ်နိုင်ငံများသို့ သွားရောက်ကာ ဂီတဖျော်ဖြေပွဲကျင်းပရန် စီစဉ်ထားကြောင်း ဧပြီ ၂၀ ရက်က ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားသည်။

အသက် ၁၇ နှစ်အရွယ်သာရှိသေးသော်လည်း တေးရေးသူ၊ အဆိုတော်နှင့် သရုပ်ဆောင်ဖြစ်သူ ဂျက်စတန်းဘီဘာသည် One Time တေးအယ်လ်ဘမ်ကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလကထုတ်ဝေခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ထို့အပြင် My World အမည်ရှိ တေးအယ်လ်ဘမ်ကိုလည်း ၂၀၀၉ ခုနှစ် နိုဝင်ဘာလက ဆက်လက်ထုတ်ဝေခဲ့ရာတွင်လည်း ပရိသတ်များ နှစ်ခြိုက်အားပေးခဲ့သည်။ တေးအယ်လ်ဘမ်များစွာလည်း ရောင်းချခဲ့ရသဖြင့် ဥရောပ၌ ဆယ်ကျော်သက်ပရိသတ်များအကြား ရေပန်းစားခဲ့သူ ဖြစ်သည်။

၂၀၁၀ ခုနှစ် မတ် ၂၃ ရက်က My World-2 အမည်ရှိ တေးအယ်လ်ဘမ်ကို ထပ်မံထုတ်ဝေခဲ့ရာ ဥရောပ၌ အရောင်းရဆုံး ထိပ်တန်း တေးအယ်လ်ဘမ် ၁၀ ခုအနက် သတ္တမနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံး အမေရိကန် တေးဂီတဆုကိုရရှိခဲ့ပြီး အကောင်းဆုံးပေါ့ပ်အဆိုတော်တစ်ဦးအဖြစ် အသိအမှတ်ပြုခံရသူလည်းဖြစ်သည်။

ဂျက်စတန်းဘီဘာသည် ယခုနှစ် ဧပြီလကုန်၌ အာရှ-ပစိဖိတ်နိုင်ငံများသို့ ဂီတဖျော်ဖြေမှုခရီးစဉ်အဖြစ် လှည့်လည်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

မိုးမြင့်လင်းလက် စုစည်းတင်ပြသည်

ကမ္ဘာ့အလှဆုံး အမျိုးသမီးအဖြစ် ဂျနီဖာလိုပက်ဇ်အား ပီးပဲလ်မဂ္ဂဇင်းက ဖော်ပြ

နယူးယောက် ဧပြီ ၂၀

အမေရိကန် အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် ဂျနီဖာလိုပက်ဇ်အား ပီးပဲလ်မဂ္ဂဇင်းက ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာပေါ်၌ အလှပဆုံး အမျိုးသမီး တစ်ဦးအဖြစ် ရွေးချယ်လိုက်ကြောင်း ဧပြီ ၁၉ ရက်က ၎င်းမဂ္ဂဇင်း၌ ဖော်ပြသည်။ **(ယာပုံ)**

ကမ္ဘာ့အလှဆုံး

နယူးယောက်စီးတီး မြို့သူ အသက်၄၁နှစ် အရွယ်ရှိ ဂျနီဖာလိုပက်ဇ်သည် အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်ခြင်းကို ပူးတွဲလုပ်ကိုင် နေသူဖြစ်သည်။ သူမနှင့် အတူ အယ်လီဘာရီနှင့် ဂျနီဖာဂါနာတို့လည်း ကမ္ဘာ့အလှဆုံး အမျိုးသမီးများအဖြစ် ရွေးချယ်ဖော်ပြခြင်း ခံရသည်။

ကမ္ဘာ့အရောင်းရဆုံး

ဂျနီဖာလိုပက်ဇ်သည် ကမ္ဘာ့အလှဆုံး အမျိုးသမီးတစ်ဦးအဖြစ် ပီးပဲလ်မဂ္ဂဇင်းက ပထမဆုံး ရွေးချယ်ဖော်ပြခြင်းပင်ဖြစ်သည်။ ဂျနီဖာလိုပက်ဇ်သည် ၂၀၀၃ခုနှစ်က ကမ္ဘာ့အရောင်းရဆုံး တေးအယ်လ်ဘမ် ၁၀ ခုတွင် သူမ၏ On the Floor တေးအယ်လ်ဘမ် ပါဝင်ခဲ့သည်။

ဖော်ပြ

ကမ္ဘာ့အလှဆုံးအမျိုးသမီးများအဖြစ် ဒုတိယ အီဗလွန်၊ တတိယ ဝီသာစပွန်း၊ စတုတ္ထ ဂျက်စီကာဆမ်စပွန်းနှင့် ပဉ္စမ မင်ဒီမိုရေး၊ ဆဋ္ဌမအနေဖြင့် ဟိုလ်မက်ခ်တို့ အသီးသီးဖော်ပြခြင်းခံရသည်။ **(အင်တာနက်)**

ဟောလိဝုဒ်ရဲ့ အတောက်ပဆုံး ကြယ်ပွင့် ဂျိုဗိုဗစ်

ကမ္ဘာတစ်လွှားမှာ အောင်မြင်မှုရရှိနေတဲ့ အနုပညာရပ်ဝန်းတစ်ခုကတော့ ဟောလိဝုဒ်ပဲ ဖြစ်ပါတယ်။ သရုပ်ဆောင်အကျော်အမော်တွေ ပေါများတဲ့အပြင် ယှဉ်ပြိုင်မှုတွေလည်းများပြားတဲ့ ဟောလိဝုဒ်ရုပ်ရှင်လောကကို တော်ရုံ အနုပညာအရည်အသွေးနဲ့ ဝင်ရောက်ထိုးဖောက်လို့ မရပါဘူး။ အဲဒီဟောလိဝုဒ်ရဲ့လောကမှာ လက်ရှိနာမည်ကျော်ပြီး အောင်မြင်မှုတွေရရှိနေသူတစ်ဦးကတော့ ရုရှား အမျိုးသမီးသရုပ်ဆောင် ဂျိုဗိုဗစ်ပဲဖြစ်ပါတယ်။

နာမည်အရင်းက မီလီကာနာတာဆာဂျိုဗိုဗစ်ဖြစ်ပြီး ၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှာ မွေးခဲ့တာမို့ အခုဆိုရင် အသက် ၃၅ နှစ်ကျော်လာပြီဖြစ်ပါတယ်။ ဂျိုဗိုဗစ်ဟာ အခု ၂၀၁၁ ခုနှစ်မှာ The Three Musketeers အမည်ရှိတဲ့ သူမ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကား ထုတ်လွှင့်ပြသတော့မှာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားဟာ ဟောလိဝုဒ်မှာ လူကြိုက်အများဆုံး ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ်လည်း ရေပန်းစားနေပါတယ်။

ပြောင်းရွှေ့နေထိုင်

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျိုဗိုဗစ်ရဲ့ဖခင်က ဘိုဒါနိုဗက်ဂျိုနိုဗစ်ဖြစ်ပြီး ဆရာဝန်တစ်ဦးဖြစ်ပါတယ်။ မိခင်ကတော့ ရုရှား သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂါလီနာလိုဂီနိုဗာဂျိုဗိုဗစ်ဖြစ်တာမို့ အနုပညာဗီဇ ပါရှိသူပါပဲ။ သူတို့ မိသားစုဟာ ၁၉၈၀ ခုနှစ်မှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကို ပြောင်းရွှေ့ခဲ့ပြီးမှ နောက်ပိုင်းမှာ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ကို ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ပါတယ်။

လူသိများ

ဂျိုဗိုဗစ်ဟာ အသက် ၁၁ နှစ်အရွယ်ကတည်းက ဓာတ်ပုံအလှမယ်တစ်ဦးဖြစ်ခဲ့ပြီး ၁၉၈၇ခုနှစ်မှ အီတလီဖက်ရှင်မဂ္ဂဇင်းတစ်စောင်မှာ မျက်နှာဖုံးရှင်ဖြစ်ခဲ့ပြီးတဲ့နောက် လူသိများလာခဲ့ပါတယ်။ သူမဟာ ၁၉၈၀ နောက်ပိုင်းမှာ မဂ္ဂဇင်းပေါင်း ၁၀၀ ကျော်မှာ မျက်နှာဖုံးမယ်ဖြစ်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ "Two Moon Junction" ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးပြီး ဟောလိဝုဒ်ကို စတင်ခြေချခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာ Return to the Blue Lagoon အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးပြီးချိန်မှာတော့ ဟောလိဝုဒ်ရဲ့ အကောင်းဆုံးလူငယ်သရုပ်ဆောင်ဆုဆွတ်ခူးရရှိခဲ့ပါတယ်။

လက်ထပ်

ဟောလိဝုဒ် အမျိုးသမီးသရုပ်ဆောင် ဂျိုဗိုဗစ်ဟာ ၂၀၀၉ ခုနှစ် ဩဂုတ် ၂၂ ရက်မှာ ဒါရိုက်တာပေါလ်ဒဗလျူအက်ဒ်အန်ဒါဆင်နဲ့ လက်ထပ်ခဲ့တာမို့ အခုဆိုရင် အီဗာဂါဘိုဂျေအန်ဒါဆင်လို့ အမည်ပေးထားတဲ့ သမီးငယ်တစ်ဦးရှိနေပြီ ဖြစ်ပါတယ်။

ထုတ်လွှင့်ပြသ

၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Vikrutasi ရုပ်ရှင်ဇာတ်ကားဟာ အထူးအောင်မြင်ခဲ့လို့ ဂျိုဗိုဗစ်ဟာ ဟောလိဝုဒ်မှာတော့ ကျော်ကြားမှု ရရှိနေတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်နေပါတယ်။ အခု ၂၀၁၁ ခုနှစ်မှာ ရိုက်ကူး ထုတ်လွှင့်ပြသမယ့် The Three Musketeers ရုပ်ရှင် ဇာတ်ကားဟာ သူမရဲ့ ခင်ပွန်းဖြစ်တဲ့ ဒါရိုက်တာ အန်ဒါဆင်ရိုက်ကူးတာ ဖြစ်ပါတယ်။

ပါဝင်ဆင်နွှဲ

မကြာမီ ကာလမှာ The Winter Queen အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားကိုလည်း ပါဝင် သရုပ်ဆောင် ရိုက်ကူးဖို့အတွက် စီစဉ်နေပြီ ဖြစ်ပါတယ်။ သရုပ်ဆောင်မင်းသမီး ဂျိုဗိုဗစ်ဟာ ၁၉၉၄ ခုနှစ်က The Divine Comedy အမည်ရှိ တေးအယ်လ်ဘမ် ထုတ်လုပ်ခဲ့ပြီး နောက်ပိုင်းမှာ တေးသီချင်းအယ်လ်ဘမ်တွေ ဆက်တိုက်ထုတ်လုပ်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ လက်ဗီးဂက်စ်မြို့မှာပြုလုပ်တဲ့ ဂီတဖျော်ဖြေပွဲမှာ ပါဝင်ဆင်နွှဲခဲ့ ပါသေးတယ်။

သရုပ်ဆောင်တစ်ဦး

ဂျိုဗိုဗစ်ဟာ အေအိုင်ဒီအက်စ် သုတေသနဖောင်ဒေးရှင်းရဲ့ သံတမန်တစ်ဦးလည်းဖြစ်တဲ့အပြင် ယူနက်စ်ကို လုပ်ငန်းတွေမှာလည်း ပါဝင်ကူညီဆောင်ရွက်နေသူ သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။

ဒီလိုအနုပညာဆိုင်ရာ သရုပ်ဆောင်မှု၊ တေးဂီတဖန်တီးနိုင်မှုအပြင် လူမှုရေးလုပ်ငန်းတွေမှာပါ အောင်အောင်မြင်မြင်ဆောင်ရွက်နေတဲ့ ဂျိုဗိုဗစ်ဟာ ဟောလိဝုဒ်မှာတော့ ၂၀၁၁ ခုနှစ်အတွက် အောင်မြင်မှုအရှိဆုံး အမျိုးသမီး အနု ပညာရှင်တစ်ဦး ဖြစ်ပါကြောင်း ဖော်ပြ လိုက်ရပါတယ်။ ။ **(အင်တာနက်)**

21-4 (11).pmd 1 4/21/2011, 1:51 AM

နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ပရီမီယာလိဂ်ပွဲစဉ် (၃၃) လက်ကျန်ပွဲကစား နယူးကာဆယ်နှင့် မန်ယူတို့ သရေပွဲဖြစ်

လန်ဒန် ဧပြီ ၂၀

ပရီမီယာလိဂ်ပွဲစဉ် (၃၃) လက်ကျန်ပွဲအဖြစ် ဧပြီ ၂၀ ရက် နံနက်က နယူးကာဆယ်နှင့် မန်ယူတို့ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး မန်ယူတို့ တစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေးအတွက် နိုင်ပွဲလိုအပ်နေသော မန်ယူတို့အနေဖြင့် အဝေးကွင်း၌ ကြိုးစားကစားခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမသွင်းနိုင်ခဲ့ချေ။ ထို့အတူ အိမ်ရှင်နယူးကာဆယ်တို့ကလည်း အခွင့်အရေးကောင်းများကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့သဖြင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ကာကွယ်နိုင်

မန်ယူတိုက်စစ်တွင် ရွန်နေနှင့် ဟာနန်ဒက်ဇ်တို့က နယူးကာဆယ် နောက်တန်းကို ထိုးဖောက်ကစားနိုင်ခဲ့သည်။ ပွဲအစ လေးမိနစ်မှာပင် ဂိုးဧရိယာအတွင်း ဟာနန်ဒက်ဇ် အနီးကပ်ကန်သွင်းချက်ကို နယူးကာဆယ်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

ထို့အတူ ရွန်နေ၏ ထိုးဖောက်မှုများက အားရဖွယ်ဖြစ်သော်လည်း နယူးကာဆယ် ခံစစ်မှူးများက အပိုင်ကန်သွင်းခွင့်များမရအောင် ဟန့်တားနိုင်ခဲ့သည်။ အဆိုပါပွဲတွင် ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် နယူးကာဆယ်မှ တီအိုတေး ၆၄ မိနစ်၌ အဝါကတ်ပြခံရသလို ၇၆ မိနစ်၌ ဗီလီအမ်ဆမ်လည်း အဝင်အထွက် ကြမ်းမှုကြောင့် အဝါကတ်ပြခံခဲ့ရသည်။

မန်ယူတို့ ဂိုးမပေးရရေးနှင့် ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ၄၆ မိနစ်၌ ကာရစ် အဝင်အထွက်ကြမ်းသဖြင့် အဝါကတ်ပြခံရသည်။ မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်လည်း ၈၂ မိနစ်၌ အဝါကတ်ပြ သတိပေးခံရသည်။

ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲ သရေဖြစ်ခဲ့ရာ မန်ယူသည် ၃၃ ပွဲကစားပြီးနောက် အမှတ် ၇၀ ဖြင့် ထိပ်ဆုံး၌ ရပ်တည်နေသည်။ ဒုတိယနေရာမှ အာဆင်နယ်က ၃၂ ပွဲကစား ၆၃ မှတ်ရရှိထားသည်။

မန်ယူအသင်းသည် ယခုနှစ်ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်များအဖြစ် ဧပြီ ၂၃ ရက်၌ အိမ်ကွင်းတွင် အဲဗာတန်နှင့်လည်းကောင်း၊ မေ ၁ ရက်၌ အဝေးကွင်းတွင် အာဆင်နယ်နှင့်လည်းကောင်း၊ မေ ၈ ရက်၌ အိမ်ကွင်းတွင် ချယ်လ်ဆီးနှင့်လည်းကောင်း၊ မေ ၁၄ရက်၌ အဝေးကွင်းတွင် ဘလက်ဘန်းနှင့်လည်းကောင်း၊ မေ ၂၂ ရက်၌ ဘလက်ပူးလ်နှင့်လည်းကောင်း ကစားရန်သာရှိတော့သည်။ **(အင်တာနက်)**



ကမ္ဘာ့အမြန်ဆုံးတာတိုအပြေးသမားဟောင်းပိုဝဲလ် ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပွဲ နွှဲမည်

လန်ဒန် ဧပြီ ၂၀

ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့တာတိုအပြေးသမား အဆာဖာပိုဝဲလ်**(ဝဲပုံ)**ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အသက် ၂၈ နှစ်အရွယ် ပိုဝဲလ်သည် မီတာ ၁၀၀ အပြေးပြိုင်ပွဲ ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်သည်။ ၄င်းသည် ယခုပွဲ၌ အိုလံပစ်ချန်ပီယံအူစိန်ဘိုးလ်၊ တိုင်စန်ဂေးတို့နှင့်အတူ ယှဉ်ပြိုင်ခွင့်ရရန် ဆန္ဒရှိနေသည်။ အူစိန်ဘိုးလ်သည် မီတာ ၁၀၀ ကို ၉ ဒသမ ၅၈ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ် ချိုးထားသူဖြစ်သည်။

၂၀၀၉ ခုနှစ် ဘာလင်ပြေးခုန်ပစ်ပြိုင်ပွဲ၌ အူစိန်ဘိုးလ်က ယင်းစံချိန်ကိုရရှိထားပြီး အမေရိကန်အပြေးသမား တိုင်စန်ဂေးက ဒုတိယနှင့် ပိုဝဲလ်က တတိယသာ ရရှိခဲ့သည်။

တွေ့မြင်ရ

မကြာမီကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲ၌ မိမိတို့သုံးဦးအနက်မှ မည်သူသည် ကမ္ဘာ့အမြန်ဆုံးလူသားဖြစ်လာမည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပိုဝဲလ်က ပြောကြားသည်။ **(အင်တာနက်)**

မောင်ချစ်ကြည် - စုစည်းသည်

အားကစားသတင်းအတိုအထွာ

❒ *မန်ယူအသင်းသည် နယူးကာဆယ်အသင်းနှင့် သရေပွဲဖြစ်ခဲ့သော်လည်း ပရီမီယာလိဂ်ဖလား ရယူရေးအတွက် ထိခိုက်မည်မဟုတ်ကြောင်း တိုက်စစ်မှူး ရွန်နေ ပြောကြားသည်။*

❒ *ဖိလစ်ပိုင်မှ လက်ဝှေ့သမား ပက်ကွီုင်အောသည် ကမ္ဘာပေါ်၌ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦး ဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်း ဟိုလီဖီးက ဧပြီ ၂၀ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။*

❒ *ရီးရဲမက်ဒရစ်အသင်းသည် မန်ယူလူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်အား ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ပေး၍ ခေါ်ယူလိုကြောင်း၊ နည်းပြမော်ရင်ဟိုကလည်း ဟာနန်ဒက်ဇ်၏ ခြေစွမ်းကို သဘောကျနေကြောင်း ပြောကြားသည်။*

❒ *ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် လီဗာပူးနှင့် အာဆင်နယ်တို့ပွဲတွင် လီဗာပူးအတွက် ပယ်နယ်တီပေးရန် ကွင်းလယ်ဒိုင်လူကြီး၏ ဆုံးဖြတ်မှုသည် မှားယွင်းကြောင်း အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဧပြီ ၂၀ ရက်က ပြောကြားသည်။*

❒ *အင်တာမီလန်တိုက်စစ်မှူး အီတူးက မိမိသည် ချယ်လ်ဆီးအသင်းသို့ သွားရောက်ကစားလိုကြောင်း၊ ဘောလုံးကစားခြင်းမှ အနားမယူမီ ပြောင်းရွှေ့ကစားလိုသည့် ဆန္ဒပြင်းပြနေကြောင်း ဧပြီ ၁၉ ရက်က ထုတ်ဖော်ပြောကြားသည်။*

❒ *၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို အာဖရိကဘောလုံးသမား တစ်ဦးဦးအား ရွေးချယ်ပေးသင့်ကြောင်း ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ပြောကြားသည်။*

❒ *မန်စီးတီးအသင်းသည် အက်ဖ်အေဖလားရယူနိုင်ခဲ့ပါက နည်းပြမန်စီနီ အပါအဝင် ဘောလုံးသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း အသင်းပိုင်ရှင်က ကတိပြုပြောကြားသည်။*

(အင်တာနက်)

လီဗာပူးမှ အကွီလာနီ ဂျူဗင်းတပ်စ် ခေါ်ယူမည်

လန်ဒန် ဧပြီ ၂၀

*ဂျူဗင်းတပ်စ်အသင်းသည် လီဗာပူး ကွင်းလယ်ကစားသမား အကွီလာနီ**(ယာပုံ)**ကို လာမည့် နွေရာသီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန်အတွက် လီဗာပူးအသင်းနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း ၄င်းအသင်းက ဧပြီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။*

အသက် ၂၆ နှစ်အရွယ် အကွီလာနီသည် ၂၀၀၉ ခုနှစ် နွေရာသီက ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ ယခုအခါ ဂျူဗင်းတပ်စ်အသင်းက ကွင်းလယ် အားနည်းနေမှုကို ဖြည့်ဆည်းရန် ခေါ်ယူခြင်းဖြစ်သည်။ အကွီလာနီကလည်း ဂျူဗင်းတပ်စ်အသင်းသို့ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေပြီး လီဗာပူးအသင်းမှထွက်ခွာရန် ပြီးခဲ့သည့်လကပင် အသင်းတာဝန်ရှိသူများအား ပြောကြားခဲ့ပြီးဖြစ်သည်။ ***(အင်တာနက်)***

တရုတ်ဘောလုံးသမား ဂျန်ဒေါင်နန်အား ရိုးမားခေါ်ယူမည်

ပေကျင်း ဧပြီ ၂၀

တရုတ်နိုင်ငံမှ ဆယ်ကျော်သက်ဘောလုံးသမား ဂျန်ဒေါင်နန်အား အီတလီ စီးရီးအေမှ ရိုးမားအသင်း၏ အသက် ၁၇ နှစ်အောက် လူငယ်အသင်းတွင်ကစားရန် ခေါ်ယူမည်ဖြစ်ကြောင်း တရုတ်အားကစားအရာရှိများက ဧပြီ ၂၀ရက်တွင် ပြောကြားသည်။

ခွင့်ပြုမည်

အသက် ၁၆ နှစ်အရွယ်ရှိ ဂျန်ဒေါင်နန်သည် တရုတ်စူပါလိဂ်ပြိုင်ပွဲတွင် ရှန်ဟိုင်း ရှန်ဟွာကလပ်အသင်း၌ ခံစစ်မှူးအဖြစ် ခြေစွမ်းပြနေသူဖြစ်သည်။ ၄င်းအသင်းကလည်း ဂျန်ဒေါင်နန်အား ရိုးမားအသင်းသို့ သွားရောက်ကစားရန် ခွင့်ပြုမည်ဖြစ်သည်။

ဂျန်ဒေါင်နန်သည် ၂၀၀၉ ခုနှစ် တရုတ်ကျောင်းသားလိဂ်ပြိုင်ပွဲတွင် ဂျန်ပင်းအလယ်တန်းကျောင်းဘောလုံးအသင်း၌ နောက်ခံကစားသမားအဖြစ် ပါဝင်ပြီး အောင်ပွဲရအောင် ကြိုးစားပေးခဲ့သူဖြစ်သည်။ *(အင်တာနက်)*

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အာကာဟိန်း စုစည်းသည်

ဘိုဂိုတာ ဧပြီ ၂၀

၂၀၁၁ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ မြို့ကြီးရှစ်မြို့မှာ လာမည့် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၀ ရက် အထိ ကျင်းပတော့မှာ ဖြစ်ပါတယ်။

နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ အဲဒီဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့အတွက် ကိုလံဘီယာနိုင်ငံက အသင့်ရှိနေပြီဖြစ်တယ်လို့ ကိုလံဘီယာဘောလုံးအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားနေပါတယ်။

ပြိုင်ပွဲဝင် ဘောလုံးသမားတွေနဲ့ အုပ်ချုပ်သူအပါအဝင် နည်းပြတွေအတွက် နေထိုင်တည်းခိုဖို့ အဆောက်အအုံတွေ အသင့်ပြင်ဆင်ပြီးဖြစ်သလို ကမ္ဘာ့နိုင်ငံအသီးသီးကလာရောက် ကြည့်ရှုကြမယ့် ဘောလုံးပရိသတ် ၃၀၀၀၀၀ ကျော်အတွက်လည်း ဟိုတယ်တွေ အသင့်ရှိနေပြီလို့ဆိုပါတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖီဖာက လေ့လာစစ်ဆေးရေးကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ဟာ ကိုလံဘီယာနိုင်ငံကို မကြာသေးမီက ရောက်ရှိလာပြီး ပြိုင်ပွဲကျင်းပမယ့် ဘောလုံးကွင်းနဲ့ လေ့ကျင့်ရေးကွင်းတွေကို လာရောက် ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ အားလုံးကျေနပ်မှုရှိပြီး ပြိုင်ပွဲကျင်းပဖို့ အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ ဘောလုံးပွဲတွေကို ကိုလံဘီယာနိုင်ငံရဲ့ မြို့ကြီးရှစ်မြို့ဖြစ်တဲ့ အာမီနီးယား၊ ဘာရန်ကွီလာ၊ ဘိုဂိုတာ၊ ကာလီ၊ ကာတာဂီနာ၊ မာနီဇာလက်စ်၊ မီဒီလင်းနှင့် ပီရေးရာမြို့တွေရဲ့ ဘောလုံးကွင်းတွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံ အသီးသီးက ပြိုင်ပွဲဝင် ဘောလုံးအသင်း ၂၄ သင်းကို အုပ်စုခြောက်စုခွဲပြီး ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ဗိုလ်စွဲမယ်လို့ ရေပန်းအစားဆုံး ဖြစ်နေတဲ့ အသင်းကတော့ အာဂျင်တီးနားပဲဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ၂၀၀၅ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ်တွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းဖြစ်တဲ့အပြင် ယခုနှစ် ခြေစစ်ပွဲရလဒ်တွေအရ ခြေစွမ်းအထက်မြက်ဆုံးအသင်းလည်းဖြစ်နေပါတယ်။

လက်ရှိ ချန်ပီယံကတော့ ဂါနာအသင်းပဲ ဖြစ်ပါတယ်။ အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၉ခုနှစ်က ကျင်းပခဲ့တဲ့ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂါနာအသင်း ဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။

ဒီနှစ်မှာတော့ အာရှဇုန်က ခြေစစ်ပွဲအောင်ပြီး ပါဝင်ယှဉ်ပြိုင်ကြမယ့် ဩစတြေးလျ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနဲ့ ဆော်ဒီအာရေဗျ အသင်းတွေလည်း အရင်ပြိုင်ပွဲတွေထက် အောင်မြင်မှု ပိုမိုရရှိနိုင်တဲ့ ခြေစွမ်းတွေ ပိုင်ဆိုင်ထားတယ်လို့ ဘောလုံး သုတေသီတွေက သုံးသပ်နေကြပါတယ်။ **(အင်တာနက်)**



ယူ -၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပမည့် ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့ရှိ ဘောလုံးကွင်းကို တွေ့ရစဉ်။

စေတနာဖြင့်တည်ဆောက်ခဲ့သော ပဲခူးမြစ်ဖြတ် ကြိုးတံတားတစ်စင်း

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - စိန်လှိုင်ဗိုလ်

ပဲခူး ဧပြီ ၂၀

ပဲခူးမြစ်ကို လူသိများပါသည်။ အကြောင်းမှာ ရွှေတိဂုံစေတီတော် တည်ရာ သိင်္ဂုတ္တရ ကုန်းတော်မှ ပေါ်တူဂီလူမျိုး ဖီးလစ်ဒီဘရစ်တို (ခ)သန်လျင်မြို့စား ငဇင်ကာ အဓမ္မ သယ်ဆောင်ယူခဲ့သော **"ဓမ္မစေတီ မင်းကုသိုလ်တော် ခေါင်းလောင်းကြီး"**သည် ပဲခူးမြစ်အနီး ဒေါပုံ မြစ်ဝတွင် နစ်မြုပ်ခဲ့ခြင်းကြောင့် ပဲခူးမြစ်၏ အမည်သည် စာမျက်နှာများ ထက်တွင် မကြာခဏ နေရာရလျက်ရှိပါသည်။ တင်ပြချင်သည်မှာ ပဲခူးမြစ်အကြောင်းဖြစ်ပါသည်။ ပဲခူးမြစ်သည် မြစ်ဖျားမှသည် ရန်ကုန်အရောက် အလျားမိုင်ပေါင်း ၉၀ ခန့်ရှည်ပါသည်။ သာယာဝတီ ခရိုင်အတွင်းရှိ ၂၆၃၉ ပေမြင့်သည့် ပဲခူးရိုးမတောင်၏ တောင်စွယ်တစ်ခုဖြစ်သော 'ဆင်နှာမောင်းတောင်' မှ သမီးလှချောင်းနှင့် ဇာမရီချောင်းသို့ စီးဆင်းပေါင်းဆုံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မိုးရာသီတွင် သစ်ဖောင်၊ ဝါးဖောင်များ မျှောသည်။ ဒေသခံ ပြည်သူများ အားထားရာ မြစ်တစ်စင်း ဖြစ်ပါသည်။

ပဲခူးမြစ်ကူး ကြိုးတံတားကို ဤသို့တွေ့ရသည်။

ကူးသန်းသွားလာ

စာရေးသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေသည် ပဲခူးမြစ်၏ ကမ်းနဖူးပေါ်တွင် ရှိပါသည်။ ပဲခူးမြစ်ကမ်းနဖူးပေါ်တွင် မွေးဖွားကြီးပြင်းခဲ့ရသော်လည်း မိဘဘိုးဘွားများ၏ အစိုးရိမ်လွန်ကဲမှုကြောင့် ရေမကူးတတ်ခဲ့ပါ။ သို့သော်လည်း ပဲခူးမြစ်ကိုတော့ နေ့စဉ် ဖြတ်သန်းခဲ့ရပါသည်။ မွေးရပ်မြေ ရွာကလေးမှ ပဲခူး သို့မဟုတ် ရန်ကုန်သို့သွားလိုလျှင် ပဲခူးမြစ်ကို ကူးတို့၊ သမ္ဗန်ဖြင့် ဖြတ်သန်း၍ ကျောက်တန်းဘူတာရုံသို့သွားကြရသည်။ ပတ်ဝန်းကျင် ကျေးရွာများ ဖြစ်ကြသော မိုးခိုင်ကြီး၊ မိုးခိုင်လေး၊ ကျားတက်၊ နိဗ္ဗာန်ရွာကြီးများမှလည်း ပေါင်းမိုးပါသော လှည်းကြီးများဖြင့် ကမာကလဲရွာ ကူးတို့ဆိပ်သို့ အရောက်လာကြရသည်။ ပြီးမှ ပဲခူးမြစ်ကို ဖြတ်၍ ကျောက်တန်းဘူတာရုံသို့ ခရီးဆက်ကြရသည်။ သွားလိုရာ ခရီးကို ရထားစီးကြရသည်။ ကမာကလဲရွာတွင် ဆံပင်ညှပ်ဆိုင်မရှိပါ။ ဆံပင်ညှပ်လိုလျှင်၊ လက်ဖက်ရည် အချိုသောက်လိုလျှင်၊ ခေါက်ဆွဲကြော်စားလိုလျှင်လည်း ပဲခူးမြစ်ကို ဖြတ်၍ ကျောက်တန်းရွာကြီးဘက်သို့ ကူးသန်းသွားလာကြရသည်။

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်က လူဖြစ်ခဲ့သော စာရေးသူသည် ကမာကလဲရွာ မူလတန်းကျောင်းမှပင် စတုတ္ထတန်း အောင်မြင်ခဲ့ရသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးနှင့် လက်ထောက်ဆရာမကြီးတို့သည် တစ်ဖက်ကမ်းရွာဖြစ်သော ကျောက်တန်းရွာမှဖြစ်ရာ နေ့စဉ် ပဲခူးမြစ်ကိုဖြတ်၍ ကမာကလဲရွာသို့ မနက်လာ၊ ညနေပြန် ကျောင်းလာတက်ကြရသည်။ ပဲခူးမြစ်သည် အတားအဆီးဖြစ်ခဲ့သည်။

မှတ်တမ်းတင်

စာရေးသူ လူမှန်းသိတတ်စအချိန်မှ ပြီးခဲ့သော ၂၀၁၀ ခုနှစ်အထိ ပဲခူးမြစ်ကြီးကို ဖြတ်သန်းတည်ဆောက်ထားသော လူကူး၊ ကားကူး တံတားဟူ၍ ပဲခူးမြို့လယ်မှ တံတားကြီးတစ်စင်းသာ ရှိခဲ့သည်။ ယခုတော့ ထုံးကြီး ကျေးရွာနှင့် ကဝမြို့သို့ ဆက်သွယ်သော လူကူး၊ ကားကူးတံတားကြီးတစ်စင်း ရှိလာခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကြောင့်လည်း တံတားသစ်တစ်စင်း ပေါ်ထွန်းခဲ့သည်။ စာရေးသူကတော့ ဇာတိမြေမှ ပကာသန မဖက်သော၊ ကမ္ပည်းမတင်သော အလှူရှင် တစ်ဦး၏ စေတနာ **"ပဲခူးမြစ်ကူး ကြိုးတံတားတစ်စင်းအကြောင်း"** ကို မှတ်တမ်းတင်လိုပါသည်။

အပြီးတည်ဆောက်

စေတနာရှင်သည် ကျောက်တန်းရွာဘက်ကမ်းနှင့် ကမာကလဲရွာဘက်ကမ်းရှိ ကြိုးတံတားအုတ်ခုံများကိုသာ ဒေသနေပြည်သူများ ကိုယ်တိုင် ပါဝင်လုပ်အားပေးတည်ဆောက်စေခဲ့သည်။ ရည်ရွယ်ချက်မှာ ကိုယ်တိုင်ပါဝင်မှ ပိုမို၍ တန်ဖိုးထားစောင့်ရှောက် ထိန်းသိမ်းစေရန် ရည်ရွယ်သည်ဟု ဆိုသည်။ ကြိုးတံတား အုတ်ခုံများ ခိုင်မာသောနေ့ရက်တွင် ရန်ကုန်မှ အသင့်ဖြတ်တောက်ယူဆောင်လာသော သံချောင်း၊ သံပြားများဖြင့် ကြိုးတံတားကို တစ်နေ့တည်းအပြီး တည်ဆောက်ခဲ့သည်။

ညအိပ်ခဲ့ရ

ပဲခူးမြစ်သည် နွေရာသီတွင် မခုတ်တတ်သည့်ကြောင်ပမာ ငြိမ်၍ ကုပ်၍ သာသာညှင်းညှင်း စီးဆင်းသော်လည်း မိုးတွင်းကာလများတွင်မူ ဒေါမာန်အပြည့်ဖြင့် တောင်ကျရေများကို သယ်ဆောင် စီးဆင်းလေ့ရှိသည်။ တစ်ဖက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ ဖြတ်ကူးရန်မလွယ်ကူတော့၍ ပဲခူးတွင် ကျောင်းတက်ပြီးရွာသို့ ပဲခူးဘူတာမှ ရထားစီးပြီး အပြန် ကျောက်တန်းဘက်ကမ်းရှိ ဆရာကြီးအိမ်တွင် ညအိပ်ခဲ့ရသော ရက်များ မနည်းလှပါ။

ယခုမူ မာန်ဟုန်ပြင်းသော ပဲခူးမြစ်ရေကို ကြိုးတံတားပေါ်မှ ငုံ့ကြည့်၍ ရပြီဖြစ်ပါသည်။ ရဟန်းရှင်လူ၊ ပြည်သူ၊ ကျောင်းသား ကျောင်းသူအများ စိတ်လက်ချမ်းသာစွာဖြင့် နေ့ညမရွေး၊ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ရာ အမည်မဖော်လိုသော စေတနာရှင်ကို ရှိသေစွာ ဂါရဝပြု ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ပဲခူးမြစ်ကူးကြိုးတံတားပေါ်မှ ခရီးသွားများ စိတ်ချမ်းမြေ့စွာ ဖြတ်သန်းသွားလာနေကြသည်။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဉတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတ်ဦးစီးဌာန

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားသော နှစ်လက်မစက်ရေတွင်းနှင့် မီးသတ်ရေငုတ်များကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့်အဖွဲ့ မတ် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ကောလင်းမြို့ ငပွေးကြီးရပ်ကွက် ရေပေးရေးအတွက် ၂၆ ပေအမြင့် ရေစင်နှင့် ဂါလန် ၃၂၀၀ ဆံ့ သံရေကန်တည်ဆောက်ပြီးစီးနေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၉၂)

ရွှေကူမြို့နယ် ကချင်မချောင်း မြေသားတမံနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းကို မတ် ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၇၃)

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်မှုကို ဧပြီ ၅ ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် မြို့မဈေးကြီးအတွင်း ဂါလန် ၁၆၀၀ဆံ့ သံရေစင်ဆောက်လုပ်ခြင်းလုပ်ငန်းကို မတ် ၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၆၆)

သာသနာနုဂ္ဂဟအသင်း၀င် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း၀င် အဆိုပြုလွှာပေးအပ်ပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျိုက်ဝိုင်းဆံတော်ရှင် စေတီတော်ရင်ပြင် အောင်ဓမ္မာရုံကြီး၌ကျင်းပရာ ခရိုင်သာသနာရေးမှူး ဦးဆန်းထွန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က အမှာစကားပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ မရမ်းကုန်းမြို့နယ်၏ အဆိုပြုလွှာ ၈၇၈၃ စောင်နှင့် အလှူငွေကျပ် ၂၇၆၀၀၀၀ကို မြို့နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအုံးကြိုင်က တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၀၁၅)

ကျောက်မဲ အထက(၂) အာစရိယပူဇော်

ကျောက်မဲ ဧပြီ ၁၉

ကျောက်မဲမြို့ အထက (၂) ကျောင်းသား ကျောင်းသူများ၏ (၄၅)နှစ်ပြည့် ရွှေရတုအကြို အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှိ ပတ္တမြားခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ၁၉၆၅ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ကြသော ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်အေးအပါအဝင် အငြိမ်းစားသက်ကြီးဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းကြီးများနှင့် ကျောင်းသားကျောင်းသူများက ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးချမ်းလှိုင်၊ ဆရာမကြီးဒေါ်ကြင်နွယ်၊ ဆရာမကြီးဒေါ်အေးကြင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ (၀၉၀)

ဘိုးဘွားမိဘများနှင့် အစ်မ ဒေါ်တင်ကြည်တို့အား ရည်စူး၍ ၁၉လမ်းလသာမြို့နယ် ရန်ကုန်မြို့နေ ဦးသန်းအေး-ဒေါ်တင်တင်စန်း၊ သမီး-မမေသူအေး မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ စတိုခန်းတစ်ခန်းအတွက် ဧပြီ ၁၈ ရက်က အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံယူစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မြေကြီး၊ မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး ဒက္ခိဏာသီရိမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

လယ်ဝေး ဧပြီ ၁၉

နေပြည်တော်ခရိုင် ဒက္ခိဏာသီရိမြို့နယ်တွင် မြေကြီး၊ မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် ဧပြီ ၁၈ရက်က ဒက္ခိဏာသီရိမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် မြေကြီး၊ မြေပုံမြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပလတ်စတစ် ဆန်ခါပိုက်ဖြင့် ကျောက်ဆည်၌ နွေစပါးစိုက်ပျိုး

ကျောက်ဆည် ဧပြီ ၁၉

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ကွင်းအမှတ် (၂၈၆)မှ တောင်သူ ဦးတင်မောင်၏ လယ်မြေတွင် ပလတ်စတစ်ပိုက်ဖြင့် မနောသုခနွေစပါး ပျိုးထောင်စိုက်ပျိုးခြင်းကို မတ် ၁ ရက် နံနက်ပိုင်းက ကျင်းပရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီးရုံးမှ လက်ထောက်မန်နေဂျာ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ငွေငွေရီနှင့် မြို့နယ်မန်နေဂျာ ဦးဖိုးစိန်တို့က ကြည့်ရှုအားပေးခဲ့ကြပြီး သင်းဒီးရှေ့တန်းစခန်းတာဝန်ခံ ဒေါ်ခင်မာခိုင်က စိုက်ပျိုးပုံနည်းစနစ်များ လက်တွေ့ပြသသည်။

ထိုသို့ မနောသုခ နွေစပါးများကို ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးရာတွင် ပျိုးသက်န ၂၅ရက်ဖြင့် ပျိုးထောင်ထားသော ပျိုးပင်များကို ခြောက်တန်း တစ်တန်းလှပ် စနစ်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး ရည်ရွယ်ချက်ဖြင့် လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံခြင်းကို မတ် ၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ယုဇနဥယျာဉ်မြို့တော် (၉၃)ရပ်ကွက် ဗေဒါလမ်း၌ကျင်းပရာ မွေးကင်းစမှ တစ်နှစ်ခွဲအရွယ်ကလေးများအား ကာကွယ်ဆေးထိုးနှံပေးစဉ်။

(၀၈၁)

ဟုမ္မလင်းပြည်သူ့ဆေးရုံသို့ ခါတ်မှန်စက်လှူဒါန်း

ဟုမ္မလင်း ဧပြီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံ ရှင်းလင်းဆောင်ခန်းမ၌ ငွေကျပ် ၉၅ သိန်းတန်ဖိုးရှိ ဂျပန်နိုင်ငံလုပ် တီဗွီဓာတ်မှန် အက်ထရာဆောင်း စက်တစ်လုံးပေးအပ်လှူဒါန်းပွဲကို မတ် ၂၆ ရက် ညနေ ၅ နာရီက ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မန္တလေးမြို့နေ ကွယ်လွန်သူ(ခင်ပွန်း) ဦးသိုက်စံ၊ သား ကိုကျောက်ပန်း၊ ကိုကျောက်ပွင့်၊ ကိုကျောက်ဖူး၊ သမီး မနီလာစံတို့အားရည်စူး၍ ဇနီးဖြစ်သူအလှူရှင် ဒေါ်ဝင်းရီက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး သားဖြစ်သူ ကိုကျောက်စိမ်းနှင့် ဇနီးမခင်မိုးဆွေတို့က အက်ထရာဆောင်း စက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာသောင်းအေးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ရေစကြို၌ ကျောက်ချောလမ်းသစ်ဖွင့်

ရေစကြို ဧပြီ ၁၉

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သဲတောကျောက်လှေကား ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းသစ်မုခ်ဦး မျက်နှာစာ၌ မတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာက သဲတောကျောက်လှေကား ကျောက်ချောလမ်းသစ်နှင့် ပတ်သက်သည့် စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံယူသည်။ အဆိုပါကျောက်ချောလမ်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၂၀၁၂၅၀၀ အကုန်အကျခံတည်ဆောက်ခဲ့ပြီး လမ်းအရှည်ပေ ၃၉၀၀၊ လမ်းအကျယ် ၁၂ ပေရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးဖိုမီးကြွင်းမီးကျန် သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည် ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကို ပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

မီးသတ်ဦးစီးဌာန။

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

တောင်ကြီး ဧပြီ ၁၉

တောင်ကြီးမြို့ တော်ဝင်စတိုး (ဖိနပ်ဆိုင်)နှင့်မဂျက်စတီတို့ ပူးပေါင်းကျင်းပသည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဖလားဖိတ်ခေါ် ဖူဆယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၃၁ ရက် မွန်းလွဲ ၂နာရီက တောင်ကြီးမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း အားကစားရုံ၌ ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

အဆိုပါ ပြိုင်ပွဲတွင်အသင်း ၁၂သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲအဖြစ် OAK CLUB (ရတနာသီရိ)အသင်းနှင့် Brother Team(ရွှေညောင်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ OAK CLUB အသင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီး ဆုပေးပွဲကိုဆက်လက်ကျင်းပရာ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ဦးခင်မောင်ညွှန့်(တော်ဝင်စတိုး)နှင့် မဂျက်စတီ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမတံခွန်စိုက် ဆုဖလားကို တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် အား/ကာ)

မြို့နယ်သတင်း ထွေတလာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးနေသည့် မထသ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း – တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် ဧပြီ ၂၀

မြို့ရန်ကုန်၏ လမ်းကျယ်ကြီးများတွင် ခရီးသည်တင်လိုင်းကားများဖြစ်သည့် ကားကြီး၊ ကားလတ်၊ ကားငယ်မြောက်မြားစွာတို့မှာ ခရီးသည်များ၏ လိုရာခရီးကို နေ့စဉ်ပို့ဆောင်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီအောက်ရှိ မထသလိုင်းကားများအပြင် ပါရမီသယ်ယူပို့ဆောင်ရေး၊ သန်မြန်သူ ခရီးသည်ပို့ဆောင်ရေး၊ ရွှေရန်ကုန် ခရီးသည်ပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုတို့မှ ယာဉ်လိုင်းကားများကလည်း ကားဆက်မပြတ် ပို့ဆောင်ရေးတာဝန်ကို ထမ်းဆောင်နေကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

ခရီးသွားပြည်သူများ လိုရာခရီးသွားနိုင်ရေးအတွက် မထသယာဉ်များက ဤသို့ ကားဆက်မပြတ် ပို့ဆောင်ပေးလျက်ရှိသည်။

တာလေငလျင်ဒဏ်ခံဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မိုးမကျမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြမည်

တာလေ ဧပြီ ၂၀

မတ် ၂၄ ရက်က လှုပ်ခဲ့သော မြေငလျင်ဒဏ်ကြောင့် တာချီလိတ်ခရိုင် တာလေမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ မိုင်းလင်း (အရှေ့) ကျေးရွာအုပ်စုနှင့် မိုင်းလင်း(အနောက်)ကျေးရွာအုပ်စုများရှိ ကျေးရွာများ၊ မိုင်းကိုးကျေးရွာအုပ်စု ကျကူနီကျေးရွာတို့တွင် အိမ်များပျက်စီးခဲ့ကာ လူအချို့သေဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ မြေငလျင်ဒဏ်သင့် ပြည်သူအများအပြားရှိခဲ့ရာ မြေငလျင်ဒဏ်သင့် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂ ကော်လံ ၄ ✳

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန